# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၇၃)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်၊ ၆-၉-၂၀၂၅၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ Beidahaung Smart Agriculture Exhibition Center နှင့် Heilongjing Huida Technology Co., Ltd. တို့သို့ သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ဟာဘင်းမြို့၌ အလုပ်သဘောခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် Beidahaung Smart Agriculture Exhibition Center သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

စာမျက်နှာ ၃ သို့ ✻



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ Heilongjing Huida Technology Co., Ltd. တွင် ကြည့်ရှုလေ့လာစဉ်။

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် မိုးပိုလာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၆ ရက်၊ စနေနေ့။

မန္တလေး

## တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့

ယနေ့သည် တော်သလင်းလပြည့် ဂရုဓမ္မအခါတော်နေ့ဖြစ်သည်။ တော်သလင်းလ၏ ရာသီသဘင်သည် လှေပွဲသဘင်ဖြစ်သည်။ တော်သလင်းလသည် မြန်မာပြက္ခဒိန်တွင် ဆဋ္ဌမမြောက်လ ဖြစ်သည်။ မိုးတွင်းကာလဖြစ်ပြီး ဝါတွင်းသုံးလတွင်လည်း ပါဝင်နေသည်။ မိုးတွင်းသည် မြန်မာပြည်သူတို့အတွက် အမှတ်တရရာသီ ဖြစ်ပြီး စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်၍ လယ်ယာစိုက်ပျိုးရေးကို အလေးထားကြသည်။ သို့ဖြစ်၍ လယ်ယာလုပ်ငန်းအတွက် အရေးပါသော မိုးရာသီတော်သလင်းလသည် မြန်မာ့လယ်သမားကြီးများအတွက် အားထားရသော လဖြစ်သည်။

ထို့ပြင် ဗုဒ္ဓဘာသာဝင်တို့ မြန်မာပြက္ခဒိန်လများအလိုက် ကျင်းပကြသည့် အခါတော်နေ့အနေဖြင့် ဂရုဓမ္မအခါတော်နေ့ကို ကျင်းပ၍ လူသားဟူသမျှ စောင့်ထိန်းလိုက်နာအပ်ရသော ငါးပါးသီလကို မမေ့မလျော့၊ မပေါ့မဆစောင့်ထိန်းကြစေရန် တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာကိုခိုးခြင်း၊ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်ခြင်း၊ သူတစ်ပါးအကျိုးမဲ့အောင် လိမ်ညာပြောဆိုခြင်း၊ မူးယစ်သောက်စား၍ ရမ်းကားမှုပြုခြင်းဟူသော ရှောင်ကြဉ်အပ်သည့် သီလတစ်မျိုးမျိုးကို အခြားသူက မိမိအား ကျူးလွန်ပါက မလိုလား။ မနှစ်သက်သကဲ့သို့ပင် မိမိကလည်း သူတစ်ပါးအပေါ် မကျူးလွန်အပ်ပေ။ ဤသို့ ငါးပါးသီလကို စောင့်ထိန်းခြင်းသည် ဂရုဓမ္မပင်ဖြစ်သည်။ ဘုရားအလောင်းတော် နစဉ်ဘဝတစ်ခုတွင် ကုရုတိုင်း ဣန္ဒပတ္တမြို့၌ ကောရဗျမင်းအဖြစ် စိုးစံတော်မူစဉ် မင်းကျင့်တရားဆယ်ပါးနှင့်အညီ တိုင်းပြည်ကိုအုပ်ချုပ်၍ မင်းနှင့်တကွ ပြည်သူ၊ ပြည်သားအားလုံး ငါးပါးသီလကို လုံခြုံအောင်စောင့်ထိန်းခဲ့ကြရာ တိုင်းပြည်တွင် မိုးလေဝသမှန်ကန်ကာ ဆန်ရေစပါး ပေါကြွယ်ဝ၍ နိုင်ငံတစ်ဝန်း အေးချမ်းသာယာသည်။ အနီးရှိ ကာလိင်္ဂတိုင်းတွင်မူ မိုးလေမမှန်၊ ရာသီဥတုဖောက်ပြန်ကာ စားနပ်ရိက္ခာပြတ်လပ်၍ အငတ်ဘေးဆိုက်ရောက်လာသည်။

ကပ်ကြီးသုံးပါးကြောင့် ဘေးဒုက္ခကျရောက်နေရသော ကာလိင်္ဂတိုင်း၏ ပြည့်ရှင်မင်းက ကုရုတိုင်းတွင် စည်ပင်ဝပြော၊ အေးချမ်းသာယာနေခြင်းမှာ ကုရုတိုင်းတွင် ဆင်တော်မင်္ဂလာရှိခြင်းကြောင့်ဖြစ်မည်ဟုယူဆကာ ကုရုတိုင်းသို့ သံတမန်စေလွှတ်၍ ဆင်တော်ကို တောင်းခံသည်။ ကုရုမင်းက ပေးလှူလိုက်သည့် ဆင်တော်မင်္ဂလာသည် ကာလိင်္ဂတိုင်းသို့ ရောက်ရှိလာခဲ့သော်လည်း မိုးကမရွာ။ ထိုအခါ ကုရုတိုင်း မိုးလေမှန်ကန်သာယာဝပြောခြင်းသည် မင်းနှင့်တကွ တိုင်းသူ၊ ပြည်သားအားလုံး ကျင့်သုံးသည့် ကုရုဓမ္မ(ငါးပါးသီလ)ကြောင့်သာဖြစ်ရမည်ဟု သတိမူကာ ကုရုဓမ္မကို တောင်းခံ၍ ကာလိင်္ဂမင်းနှင့်တကွ တိုင်းသူပြည်သားအားလုံး လိုက်နာကျင့်သုံးခဲ့ကြရာ မကြာမီမှာပင် မိုးခေါင်ခြင်းမှ လွတ်ကင်း၍ မိုးလေပြန်လည်မှန်ကန်လာခဲ့သည်။ တိုင်းပြည်သည်လည်း ကပ်ကြီးသုံးပါးဘေးမှ လွတ်မြောက်ခဲ့ရသည်။

ငါးပါးသီလသည် နား၊ မျက်စိတို့နှင့်တူ၍ ငါးပါးသီလပျက်စီးသူသည် နားမျက်စိချို့ယွင်းသူကဲ့သို့ ဆင်းရဲဒုက္ခရောက်တတ်သည်။ ငါးပါးသီလပျက်စီးသူသည် ရှင်လျက်နှင့်သေသူ၊ အမှိုက်သဖွယ် စွန့်ပစ်အပ်သူ၊ အသေကောင်ပုပ်နှင့်တူသူ၊ ခြေလက်ဦးခေါင်းတို့ ပြတ်သူနှင့်တူသူဟူ၍ ပညာရှိတို့က ပြောဆိုကြသည်။ ငါးပါးသီလ မြဲပါကမူ ယခုဘဝတွင်ရော နောက်ဘဝအတွက်ပါမပူရ။ သေပြီးနောက် ကောင်းရာဘုံဘဝရောက်ရှိရသလို သက်တမ်းစေ့လည်း နေကြရမည်ဖြစ်သည်။ ကမ္ဘာ့လူသားအားလုံးက ဂရုဓမ္မသီလ စောင့်ထိန်းနိုင်ကြပါလျှင် ကမ္ဘာတစ်ခွင်ငြိမ်းချမ်းစည်ပင်၍ ကပ်ကြီးသုံးပါးဘေးဒုက္ခတို့ ကင်းစင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ၇၂လမ်း၊ မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင် ရပ်နားထားပြီး ရုံးဖွင့်ရက်များတွင် ပုံမှန် ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

## နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ စာဖတ်ရှိန်မြင့်မားရေး လူငယ်ရေးရာအသိပညာပေးဟောပြော




**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)၌ စာဖတ်ရှိန်မြင့်မားရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)မှ ပါမောက္ခချုပ် ဒေါက်တာခင်မောင်ချင်းက အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စာရေးဆရာကိုရွှေအောင်သင်းက "လူငယ်နှင့် အနာဂတ်နိုင်ငံတော်" ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ပြန်လည်ဖြေကြားခဲ့ပြီး အမှတ်တရ လက်ဆောင်များပေးအပ်ခဲ့ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံများ ရိုက်ခဲ့ကြသည်။ အလားတူ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတွင်လည်း လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၄၈၅)**

## ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ကျောင်းကျန်းမာရေး အာဟာရကျွေးမွေး

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းက ကျောင်းသား၊ ကျောင်းသူများအား ပထမအကြိမ် ပြည်ကြီးတံခွန်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ရန်ပုံငွေဖြင့် ကျောင်းကျန်းမာရေး အာဟာရကျွေးမွေးခဲ့သည်။



အာဟာရကျွေးမွေးရာတွင် ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာကျောင်းပေါင်း ၂၅ ကျောင်းရှိရာ ယင်းအခြေခံပညာ ၂၅ ကျောင်းသို့ ယနေ့ နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများအား တစ်ပြိုင်နက်တည်း ကျောင်းကျန်းမာရေး အာဟာရကျွေးမွေးခဲ့ရာ ကျန်းမာရေးဦးစီးဌာနမှ ဆရာ၊ ဆရာမများက ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(ယာပုံ) စင်မင်းမောင်**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



* ရှေ့ဖုံးမှ

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် Beidahaung Smart Agriculture Exhibition Center သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

## ကြည့်ရှုလေ့လာ

ယင်းနောက် Beidahaung Smart Agriculture Exhibition Center အတွင်း ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း ဗီဒီယိုအား ကြည့်ရှုကြသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် လယ်ယာစိုက်ပျိုးမှု သရုပ်ပြပုံစံငယ်၊ စိုက်ပျိုးရေးလုပ်ငန်းများကို ခေတ်မီဒစ်ဂျစ်တယ်လူမဲ့နည်းပညာဖြင့် AI စနစ်သုံး စက်ယန္တရားများဖြင့် ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းများဆောင်ရွက်မှု၊ AI စနစ်သုံး Drone များဖြင့် စိုက်ပျိုးမြေများအတွက် လိုအပ်သောမြေဩဇာများ၊ ပိုးသတ်ဆေးများကြပက်ခြင်းနှင့် မျိုးစေ့များကြပက်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောပစ္စည်းများအဖြစ် ထုတ်လုပ်ရောင်းချလျက်ရှိမှုနှင့် Beidahaung Smart Agriculture မှ ထုတ်လုပ်ထားရှိသည့် အဆင့်မြင့်လယ်ယာသုံးစက်ပစ္စည်း ကိရိယာများအား လှည့်လည် ကြည့်ရှုလေ့လာကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ Beidahaung Smart Agriculture Exhibition Center တွင် ကြည့်ရှုလေ့လာစဉ်။


ဆက်လက်၍ Data Center အတွင်း လူမဲ့နည်းပညာဖြင့် AI စနစ်သုံး ကောက်စိုက်စက်များ၊ Drone များဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ရေသွင်းရေထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို တိုက်ရိုက်ကြည့်ရှုလေ့လာကြပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြောကြားသည်။

## ပြန်လည်ပေးအပ်

ယင်းနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌထံ Beidahaung Smart Agriculture Exhibition Center မှ တာဝန်ရှိသူတစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Heilongjing Huida Technology Co., Ltd. သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး ကုမ္ပဏီမှ နိုင်ငံတကာ၌ အဆင့်မြင့်စိုက်ပျိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မောင်းသူမဲ့စနစ်ဖြင့် ယာဉ်ယန္တရားများ၏ ဒီဇိုင်းများ ထုတ်လုပ်လျက်ရှိမှု၊ စိုက်ပျိုးရေး အထောက်အကူပြု Drone များ ထုတ်လုပ်အသုံးပြုလျက်ရှိမှု၊ AI စနစ်သုံးမြေအခြေအနေ တိုင်းတာရေးပစ္စည်းများ ထုတ်လုပ်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် စာမျက်နှာ ၄ သို့ ❖



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဟေလုံကျန်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဟာပင်းမြို့ Taiping International Airport တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စီချွမ်ပြည်နယ် အစိုးရအဖွဲ့မှ အဖွဲ့ဝင်များက ချန်ဒူးမြို့ Chengdu Shuangliu International Airport တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးနှင့် တွေ့ဆုံဆွေးနွေး

## စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် အလုပ်သဘော ခရီးရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် စီချွမ်ပြည်နယ်ပါတီ အတွင်းရေးမှူး Mr. Wang Xiaohui နှင့် Jin Jiang Hotel ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြပြီး စီချွမ်ပြည်နယ်ပါတီအတွင်းရေးမှူးနှင့်အတူ စီချွမ်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်တိုးတက်လျက်ရှိမှုနှင့် စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား ကုန်သွယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ချိန်တွင် စီချွမ်ပြည်နယ်မှ အကူအညီပေးရေးအဖွဲ့များ စေလွှတ်ခဲ့မှု အခြေအနေများ၊ စီချွမ်ပြည်နယ်နှင့် မြန်မာနိုင်ငံတို့အကြား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့အား စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူးက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ သတင်းစဉ်



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စီချွမ်ပြည်နယ် ပါတီအတွင်းရေးမှူး Mr. Wang Xiaohui အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် Heilongjing Huida Technology Co., Ltd. ကုမ္ပဏီမှ တာဝန်ရှိသူတို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြစဉ်။

❖ စာမျက်နှာ ၃ မှ

ကုမ္ပဏီမှ တာဝန်ရှိသူ တစ်ဦးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ဟာပင်းမြို့ Taiping International Airport မှတစ်ဆင့် စီချွမ်ပြည်နယ် ချန်ဒူးမြို့သို့ ထွက်ခွာကြရာ ဟေလုံကျန်း ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ချန်ဒူးမြို့ Chengdu Shuangliu International Airport သို့ ရောက်ရှိကြရာ စီချွမ်ပြည်နယ်အစိုးရအဖွဲ့မှ ဒုတိယဝန်ကြီးအဆင့်ရှိသူတစ်ဦးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၅

တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# စေတီပုထိုး ကောင်းကျိုးများထွေ မြန်မာ့မြေ

ဖိုးစွံ(အောင်ပင်လယ်)

မန္တလေး-ပြင်ဦးလွင် ကားလမ်းမကြီးပေါ်မှာ ကားများ၊ ဆိုင်ကယ်များ၊ ဥဒဟိုဖြတ်သန်းသွားလာလျက်ရှိသည်။ ရှေးယခင်ကာလက သည်လမ်းမကြီးသည် နွေရာသီတွင် ဖုန်တထောင်းထောင်းထ၍ မိုးရာသီတွင် ရွှံ့အိုင်များ၊ ရေအိုင်ငယ်များ၊ ချိုင့်ခွက်များဖြင့် ပြည့်လျက်ရှိပြီး အသွားအလာလည်း ယခုလောက်မများလှပေ။

၁၉၉၀ လောက်ကမှစတင်၍ မြို့သစ်ကွက်သစ်များ ဖော်ဆောင်ပြီးနောက် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် အသွားလမ်း၊ အပြန်လမ်းများ ချဲ့ထွင်ခဲ့ပြီးနောက် အဓိကကျသော ကုန်သွယ်ရေးလမ်းမကြီး ဖြစ်လာခဲ့သည်။ ယခင်က မန္တလေးနှင့် ပြင်ဦးလွင်လောက်သာ ဥဒဟိုသွားလာနေကြသော်လည်း နောင်တွင် ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ မူဆယ်လမ်းမှသည် ကြူကုပ်၊ ပန်ဆိုင်း၊ ကြယ်ခေါင်အထိ တရုတ်-မြန်မာကုန်သွယ်ရေးလမ်းမကြီးအဖြစ် အရေးပါလာခဲ့သည်။

အဆိုပါကားလမ်းမကြီးမှ ဖြတ်သန်းသွားလာသည်ရှိသော် မန္တလေးမြို့မှအတက်၊ ပြင်ဦးလွင်လမ်းပေါ်ရောက်သည်နှင့် ကားလမ်းအနောက်ဘက်တွင် သစ်ပင်ပန်းပင်များ အုံ့အုံ့ဆိုင်းဆိုင်း မှိုင်းမှိုင်းဝေဝေ စိမ်းစိုလန်းဆန်းလျက်ရှိသည်။ သစ်ပင်အုပ်အုပ်ထဲမှ ထိုးထွက်လျက်ရှိသော ရွှေရောင်တဝင်းဝင်းနှင့် ဘုရားစေတီများကိုလည်း တွေ့ရမည်ဖြစ်ပေသည်။

အဆိုပါစေတီပုထိုးများသည်ကား ယခုမှ ပေါ်ပေါက်လာခဲ့သည်မဟုတ်ပေ။ ရှေးနှစ်ပေါင်း ၉၀၀ ကျော်ကာလ ပုဂံခေတ်ဦးမှစ၍ ခေတ်အဆက်ဆက်၊ မင်းအဆက်ဆက်တည်ထားကိုးကွယ်ခဲ့ကြသော စေတီပုထိုးများသာဖြစ်ပေသည်။ လွန်ခဲ့သော နှစ် ၃၀ ကျော်ကာလသည် ဘုရားပရိဝုဏ်သည် 'ပေါ်တော်မူရိပ်သာ' ကျောင်းမှုသာဖြစ်၍ ချုံနွယ်ပိတ်ပေါင်းထူထပ်လျက်ရှိသည်။ ရှေးဟောင်းစေတီဘုရားများ၊ ကျောင်းများသည်လည်း ပြိုသည့်နေရာပြို၊ ပျက်သည့်နေရာပျက်၊ အက်သည့်နေရာအက်၍ ထုံးဖြူဖြူပြင် မဖွေးနိုင်အောင်ရှိခဲ့သည်။

သို့သော် အောင်ပင်လယ်သည် ဘာသာသာသနာ၏ ဘူမိနက်သန် နေရာမှန်ဖြစ်ခဲ့သည်ကတော့ အမှန်ပင်ဖြစ်သည်။ အောင်ပင်လယ်တွင် ပေါ်တော်မူတောရကျောင်း၊ ကန်တွင်းကျောင်း၊ ရွာဦးကျောင်း၊ ရွာလယ်ကျောင်း၊ ဝါဆိုကျောင်း၊ ကျီကျောင်းနှင့် ကျီကွဲကျောင်းဟူ၍ ကျောင်းတိုက်ခုနစ်တိုက်မျှရှိသည်။ ကျောင်းတိုက်ပရိဝုဏ်တိုင်းလိုလိုတွင် ရှေးဟောင်းမင်းဆက်များ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းစေတီပုထိုးများ ရှိနေခဲ့သည်။

အောင်ပင်လယ်ဒေသတွင် ထူးထွေဆန်းပြားသော ဖြစ်ရပ်ဆန်းများလည်း ရှိခဲ့ဖူးသည်။ အထူးသဖြင့် ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ နောက်ဆုံးအဓိဋ္ဌာန်ဝင်ရာ အောင်မြေနေရာအဖြစ်လည်း သတ်မှတ်ခဲ့ကြကြောင်း သိရသည်။ ပြင်ဦးလွင် ကားလမ်းအရှေ့ဘက် 'ကျောင်းအနီး ရွှေကျီးလာ-ရွှေကျီးသာ စေတီအနီးတွင် ထွက်ရပ်ပေါက် ပုဂ္ဂိုလ် ဦးစက္ကိန္ဒ၏ အုတ်ဂူရှိခဲ့ဖူးသည်။ ၎င်းတို့နှင့်ဆက်နွယ်လျက်ရှိသော သမိုင်းဖြစ်ရပ်တချို့နှင့် သက်သေသာဓကများကို ရွှေဘုံသာကျောင်းတိုက်အတွင်း တွေ့ရှိခဲ့ရသည်။

အလောင်းစည်သူမင်းကြီးလက်ထက်က ဘေးမဲ့တောအဖြစ် နယ်မြေသတ်မှတ်ခဲ့၍ ကျေးငှက်တိရစ္ဆာန်များမှအစ ဘေးမဲ့ပေးခဲ့ပြီး



အပြစ်ရှိသူတို့ကို လွတ်ငြိမ်းခွင့်ပေးခဲ့ဖူးသည်ဟု ဆိုသည်။ သည်ဒေသတွင် ပုဂံခေတ်မှ နောင်းခေတ်အထိ မင်းအဆက်ဆက်တိုင်းသည် ကောင်းမှုတော် စေတီပုထိုးများကို တည်ထားခဲ့ကြသည်။ အများဆုံးကတော့ မင်းရှင်စောကောင်းမှုတော်များဖြစ်သည်ကို တွေ့ရသည်။

အထူးသဖြင့် ယခင်ပေါ်တော်မူရိပ်သာကျောင်းမှ ယခုအခါ နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒ၏ ကြိုးပမ်းဆောင်ရွက်မှုဖြင့် စောမွန်လှ မြတဘက်နဂါးကိုးကောင်ဘုရား၊ စောမွန်လှဘုန်းတော်ကြီးသင်ပညာရေးကျောင်း ပရိဝုဏ်မှာ ပုဂံခေတ်ဦး 'မြစည်းခုံ' စေတီတော်နှင့် အနော်ရထာမင်း၏ မိဖုရား စောမွန်လှ တည်ထားကိုးကွယ်ခဲ့သော 'မြတဘက်' စေတီ 'ရှစ်မျက်နှာစေတီ' တို့တည်ရှိပြီး မင်းရှင်စောတည်ထားကိုးကွယ်ခဲ့သော 'ချမ်းသာရစေတီတော်'၊ 'လိုရာပြည့်စေတီတော်'၊ ရတနာပုံခေတ် 'ပေါ်တော်မူ' စေတီတော်များတည်ရှိခဲ့သည်ကို တွေ့ရသည်။

မိဖုရားစောမွန်လှသည် ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် လက်တွဲ၍ ဘာသာရေး၊ သာသနာရေးသာမက တိုင်းရေးပြည်ရေးပါ တိုင်ပင်ဖော်ရသော ပါရမီဖြည့်ဖက် မိဖုရားကောင်း ဖြစ်ခဲ့သည်။ သာသနာကို အလွန်ယုံကြည်ကိုးကွယ်သူဖြစ်၍ ခုနစ်နှစ်သမီးအရွယ်ကတည်းကပင် မယ်တော်နှင့်အတူ ဥပုသ်သီလစောင့်ခြင်း၊ ဘုရားဝတ်ပြုခြင်းများကို မပျက်ကွက်ခဲ့ပေ။ ရှင်အရဟံ၏ ဩဝါဒကို ခံယူ၍လည်း အနော်ရထာမင်းကြီးနှင့်အတူ ညောင်ဦး ရွှေစည်းခုံဘုရားတည်ရာတွင် အားကြိုးမာန်တက် ပါရမီဖြည့်စွက်ခဲ့သည်။

သို့သော် လောကသဘာဝအရ အနော်ရထာမင်းကြီး၏ အရေးပေးခြင်းကိုလည်းခံခဲ့ရပြီး အများ၏ ချစ်ခင်မှုကိုလည်းခံရ၊ ရဟန်းသံဃာများ၏ ချီးမွမ်းဂုဏ်ပြုခြင်းခံရသဖြင့် မနာလိုဝန်တိုသော မိဖုရား၊ နန်းတွင်းသူများနှင့် အရည်းကြီးရဟန်းတို့၏ ကုန်းချောကုန်းတိုက်ခြင်းခံရရှာသည်။ ဤသို့ဖြင့် အလွမ်းပြေ ဇာတိမြေ မိုင်းမောဒေသသို့ အပြန်ခရီးတွင် ခရီးလမ်းတစ်လျှောက်၌ လွမ်းစေတီများ၊ မြတဘက်စေတီများကို အလျဉ်းသင့်သလို တည်ထားခဲ့သည်။ မန္တလေးသို့ အရောက်တွင် အောင်ပင်လယ်၌ မြတဘက်စေတီတော်ကို တည်ထားခဲ့ပြီး လမ်းခရီးတွင် နားဋ္ဌောင်းကျချောင်းအနီး နားဋ္ဌောင်းကျဘုရား၊ ရွှေစာရံဘုရားတို့ကို တည်ခဲ့ခြင်း ဖြစ်သည်။

ယခုအခါ မြတဘက်စေတီတော်ပရိဝုဏ်တွင် မြတဘက်ဘုရား၊ နဂါးကိုးကောင်ကန်တော်မင်္ဂလာ၊ နဂါးကိုးကောင်ဘုရား၊ မြစည်းခုံ ပုဂံခေတ်ဦးစေတီတော်၊ ချမ်းသာရစေတီတော်၊ လိုရာပြည့်စေတီတော်၊ ရှစ်မျက်နှာစေတီ၊ နဂါးကိုးကောင်နဂါးလိုဏ်ဂူဘုရား၊ ဇမ္ဗူထိပ်အောင် ချမ်းသာပဋ္ဌာန်းဆက် ပေါ်တော်မူဘုရား၊ ကိုးတောင်ပြည့်စေတီတော်၊ နဂါးကိုးကောင်သိမ်တော်ကြီးစသည့် သာသနာ့အဆောက်အအုံများဖြင့် စည်စည်ကားကား သာသာယာယာဖြင့် တစ်နေ့ထက်တစ်နေ့ တိုးတက်ဖွံ့ဖြိုးလျက်ရှိသည်။

နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒက သက္ကရာဇ် ၂၀၀၀ ပြည့်တွင် တည်ထောင်ခဲ့သော စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းသည်လည်း သူငယ်တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ၆၅၀ ဦးတို့ကို ဆရာ၊ ဆရာမ ၃၀ ဦးတို့ဖြင့် စနစ်တကျ သင်ကြားပေးလျက်ရှိသည်။ ထို့ပြင် လစဉ်လဆန်း ၁ ရက်နေ့တွင်လည်း ဆရာတော်က ဩဝါဒချီးမြှင့်ကာ ဘာသာရေးအရ ပရိတ်တော်များ ကျက်မှတ်အာဂုံဆောင်နိုင်သော ရှင်သာမဏေများ၊ သီလရှင်ဆရာလေးများနှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်း သင်္ကန်းဝတ်စုံနှင့် ဗလာစာအုပ်များ ချီးမြှင့်ခဲ့သည်။ စက်တင်ဘာ ၁ ရက်နေ့တွင်လည်း စတုတ္ထအကြိမ်မြောက် ဩဝါဒခံယူပွဲနှင့် ဆုပေးပွဲကျင်းပသည်။

ဖော်ပြပါ ဩဝါဒခံယူပွဲနှင့် ဆုချီးမြှင့်ပွဲကို နံနက် ၈ နာရီခွဲတွင် စတင်ခဲ့သည်။ ကျောင်းသား၊ ကျောင်းသူများကို ဆရာ၊ ဆရာမများက ဦးဆောင်၍ စနစ်တကျရောက်ရှိလာခဲ့ကြသည်။ ကျောင်းသား၊ ကျောင်းသူများက အတန်းအလိုက်ညီညာစွာ စီတန်း၍ မြတဘက်ရင်ပြင်တော်တွင် ဆရာတော်ဩဝါဒ ချီးမြှင့်ချိန်ကို ငံ့လင့်လျက်ရှိကြသည်။ ထိုနေ့က ရုပ်မြင်သံကြားအဖွဲ့များ မှတ်တမ်းတင်ဓာတ်ပုံ၊ ဗီဒီယိုရိုက်သူများလည်း အလျှိုလျှိုရောက်ရှိလာခဲ့ကြသည်။ ရှင်သာမဏေနှင့် ဆရာလေးများကိုတော့ သံဃာတော်များ၊ သီလရှင်ဆရာကြီးများက ဦးဆောင်၍ နေရာချထားပေးခဲ့သည်။

ရှေးဦးစွာနဂါးကိုးကောင်ဆရာတော်က ဩဝါဒချီးမြှင့်မှာကြားခဲ့ပြီး ဝဋ္ဋသုတ်ပရိတ်တော်များကို အတန်းလိုက် ငါးဦးစီ၊ ၁၀ ဦးစီ စသည်ဖြင့် အာဂုံဆောင်ရွတ်ဆိုစေခဲ့ပြီး ဆုရသည့် သာမဏေများအား သင်္ကန်း၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာလေးများအား ဝတ်စုံနှင့် ဗလာစာအုပ်များ ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုလှိုင်က ကျောင်းစည်းကမ်းများ လိုက်နာရန်နှင့် ပညာရေးမြှင့်တင်မှုပြုလုပ်ရန် ပြောကြားခဲ့သည်။

ထို့နောက် ရောက်ရှိလာကြသော မြန်မာနိုင်ငံ နယ်လှည့်တီဘီအသင်းမှကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် လိုအပ်သော ဆေးဝါးပစ္စည်းများထောက်ပံ့ခြင်း၊ ကုသမှုပေးခြင်း ပြုလုပ်ခဲ့သည်ကို မုဒိတာပွားဖွယ်ရာ မြင်တွေ့ကြားသိခဲ့ရသည်။

## ပြိုင်ပွဲများကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နတ်မောက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြိုင်ပွဲများ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၂ နာရီခွဲက လူထုအခြေပြု ဗဟိုဌာန (Community Centre) အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းအေးက စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြိုင်ပွဲများ ကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင်(ဦးစီးအရာရှိ)က လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဖွံ့ဖြိုးတိုးတက်စေရန်၊ နှုတ်မှုစွမ်းရည်တိုးတက်စေရန်၊ စဉ်းစားတွေးခေါ်တတ်သည့် အလေ့အကျင့်နှင့် လူတော်လူကောင်းများ ပေါ်ထွန်းလာပြီး အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့် သားကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ပြိုင်ပွဲများကျင်းပမည်ဖြစ်ပါကြောင်း၊ ပြိုင်ပွဲများတွင် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပနိုင်ရေးနှင့် ဖျော်ဖြေရေး အစီအစဉ်များ ဆောင်ရွက်နိုင်ရေး မြို့ပေါ်ရပ်ကွက်ရှိ အခြေခံပညာရေးကျောင်းများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

မြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများက ပြိုင်ပွဲများ ကျင်းပမည့်နေ့ရက်၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူဦးရေ၊ စည်းကမ်းများ၊ အချိန်၊ အမှတ်ပေးဇယားများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ မြို့နယ်ပညာရေးမှူး၊ မြို့ပေါ်ရှိ အခြေခံပညာရေးကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**လှဝင်း**



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ တွေ့ဆုံတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများအား မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ YOMA Group မှ တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံရှင်းလင်းတင်ပြခဲ့ကြသည်။

ထိုသို့ ရှင်းလင်းတင်ပြရာတွင် YOMA Group မှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်နေမှုနှင့် လုပ်ငန်းများ လည်ပတ်နေမှု၊ Yoma Marathon ပွဲများကို ကျန်းမာရေးနှင့် လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သည့်အပေါ် အတွေ့အကြုံများ၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့် ရည်ရွယ်ချက်များနှင့်အောင်မြင်စွာ ကျင်းပနိုင်ရေး လျာထားအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ငင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိုင်ငံတော်က တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်သည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြင့်တင်ရေးအတွက် ကဏ္ဍအစုံတွင် အားကစားပြိုင်ပွဲမျိုးစုံကို အားကစားပြက္ခဒိန်ရေးဆွဲပြီး အလေးထားကာ ကျင်းပပေးနေမှုများ၊ မန္တလေးမြို့တွင် Yoma Mandalay Run For the Community 2025 ကျင်းပမည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပမှ အသက်အရွယ်မရွေး၊ ဘာသာမရွေး၊ လူတန်းစားမရွေး အပျော်တမ်း၊ ဝါသနာရှင်များစွာဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲသွားနိုင်ရေးနှင့် ဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားရေး၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးများက YOMA Group မှ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ပြောကြားပြီးနောက် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (မန္တလေး)ကျောင်းအုပ်ကြီးတို့က တင်ပြအကြံပြုပြောကြားခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖြည့်စွက်ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေးအခမ်းအနား ကျင်းပ

**သရက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ မုံ့ဥလီကျေးရွာ၌ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူနည်းပညာပေး အခမ်းအနားကို ယနေ့နံနက် ၉ နာရီက သရက်မြို့နယ်၊ မုံ့ဥလီကျေးရွာဘုန်းတော်ကြီးကျောင်း ဓမ္မာရုံအတွင်း၌ ကျင်းပခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများ၊ တောင်သူ (၇၀)ကျော် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးငွေဆန်းက အဖွင့်အမှာစကားပြောကြားပြီး ဆီထွက်ဖုန် (၂) တာဝန်ခံဦးသိန်းနိုင်ဝင်းက မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးမျိုး၊ မြေ၊ ရေ၊ နည်းဖြင့် ဆောင်ရွက်ရမည့်နည်းလမ်းများနှင့် AI နည်းပညာဖြင့် စိုက်ပျိုးနည်းပညာများ ရယူခြင်း၊ အသုံးပြုခြင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနသရက်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ခရိုင်အဆင့် မြေ၊ မျိုး ပိုးတာဝန်ခံများက မိမိတို့ဆောင်ရွက်ရမည့် နည်းလမ်းများကို ပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စော်ထက်(သရက်)**

## မြို့နယ်ပညာရေးမှူးဖလား (U- 11) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပုသိမ်ကြီး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ပညာရေးမှူးဖလားအခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၁ နှစ်အောက် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂) ဦးညွှန့်ဆန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ မြို့နယ်လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ် ဦးချမ်းငြိမ်းအောင်၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ အသက် ၁၁ နှစ်အောက် အခြေခံပညာကျောင်းပေါင်းစုံ ဗိုလ်လုပွဲစဉ်တွင် နယ်မြေ(၁)အသင်းနှင့် နယ်မြေ(၃)အသင်းတို့ ယှဉ်ပြိုင်ကစားရာသရေကျ၍ ပင်နယ်တီအဆုံးအဖြတ်ခံယူကြရာ နယ်မြေ(၁) အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အစီအစဉ်အရ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်(၂) ဦးညွှန့်ဆန်းက အဖွင့်အမှာစကားပြောကြားပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၉၅)**





## ညောင်ဦးမြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်အဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ယမန်နေ့မွန်းလွဲ ၂ နာရီက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ညောင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းမှူးက ညောင်ဦးမြို့နယ်အတွင်း မှုခင်းမဖြစ်ပေါ်စေရေးနှင့် မြို့နယ်အတွင်း အေးချမ်းသာယာရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၄၈၁)**

**ပန်းမန်သစ်ပင်၊ လေသန့်စင်၍**
**ဥယျာဉ်တောတန်း၊ စိတ်ရွှင်လန်း၏။**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Timothee Chalamet ၏ Dune: Park (3) ထွက်ရှိမည်




ဒါရိုက်တာ ဒဲနစ်ဗယ်လျူဗီ၏ Dune: Park(2) မှာ ဝင်ငွေအရရော၊ အနုပညာအရပါ အောင်မြင်မှု ရရှိထားပြီး ဇာတ်ဝင်တေးကို ဟန်ဇီမာက ဖန်တီးထား သည်။ ထို Dune ပထမပိုင်းကို ၂၀၂၁ ခုနှစ်တွင် ထုတ်ခဲ့ပြီး ဇာတ်ဝင်တေးနှင့် နောက်ခံတေးဂီတမှာ အော်စကာဆုရခဲ့သော်လည်း ဒုတိယပိုင်းတွင် အော်စကာ ဝင်ပြိုင်ရန် အရည်အချင်းမမီဟု ပယ်ချခံရကာ Variety မဂ္ဂဇင်းတွင် ဖော်ပြထားသည်။

စာရေးဆရာ ဖရန့်ဟာဘတ်၏ Dune ဝတ္ထုစာစဉ် များထဲမှ ၁၉၆၅ ခုနှစ်ထုတ်ဝတ္ထုကို အခြေခံရိုက်ကူး ထားရာ Dune: Park (2) အပြီး Dune: Messiah Park (3)ကို ဆက်လက်ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

၂၀၂၅ ခုနှစ် နှစ်ကုန်(သို့မဟုတ်) ၂၀၂၆ ခုနှစ် နှစ်ဦးတွင် တီမိုသီချာလာမက်၊ ဇန်ဒါယာတို့ အဓိကပါဝင်ထားသည့် Dune; Park (3) ထွက်ရှိလာမည်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။ (SKY)

## Miss Agent (2) တွင် မိန်းမလှလေးများ ပါဝင်ထား




၂၀၂၀ ပြည့်နှစ် Miss Agent ၏ အဆက်ဇာတ်ကား အပိုင်း(၂)တွင် မိန်းမလှလေးများစွာ ပါဝင်ထားပြီး AI နည်းပညာရှင်အကြောင်းကို ရိုက်ကူးထားသည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် အာရှ ပစိဖိတ်ဒေသ၏ ငွေကြေးစနစ်ကို ဖျက်ဆီးမည့် ရန်သူလက်မှ အထူး အေးဂျင့်ဟောင်းအမျိုးသမီးက ကယ်တင်လိုက်ပုံကို ရိုက်ကူးထားသည်။

အတိတ်မှဖြစ်ရပ်ဆိုးကြောင့် အလုပ်ထွက်ခဲ့ပြီး သာမန်ဘဝတွင် နေထိုင်ခဲ့ရာမှ ခင်ပွန်း AI နည်းပညာရှင်ကို ပြန်ပေးဆွဲခံရ၍ ကယ်တင်ရန်အတွက် ဥပဒေမဲ့နယ်မြေတွင် စွန့်စားတိုက်ခိုက်မည့် အက်ရှင်ဇာတ်ကြမ်း မိန်းမလှ ဇာတ်ကား ဖြစ်သည်။ (SKY)

## Kannappa ရုပ်ရှင်မှာ မျက်လုံးပေးလှူသူအကြောင်း ရိုက်ကူးထား



အိန္ဒိယတောင်ပိုင်း တေလ်ဂူရုပ်ရှင် Kannappa မှာ ဒဏ္ဍာရီလာ ပုံပြင်တစ်ပုဒ်ကို ပုံဖော်ထားပြီး မျက်လုံးပေးလှူသူဟု အဓိပ္ပာယ်ရကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဇာတ်ကားတွင် ဘာသာမဲ့တစ်ဦးက ဘာသာရေး ကိုင်းရှိုင်းသည့် မိန်းကလေးတစ်ဦးကိုချစ်ခဲ့မိပြီး ဖခင်သည် ရွာမှ နှင်ထုတ်ခံခဲ့ရကာ ဘာသာမဲ့ဘဝမှ မြင့်မြတ်သည့် ပူဇော်မှုများနှင့် မျက်လုံးပေးလှူသူတစ်ဦးဖြစ်လာပုံကို ကြက်သီးထဖွယ် ပုံဖော်ရိုက်ကူးထားသည်။

ဘာဟုဘာလီမင်းသား အရှေးကူးမားရ်နှင့် နှစ်ဘဝကလှဲစား မင်းသမီးတို့ အဓိကပါဝင်ထားသည်။ (SKY)

## BTS မှ Suga ကုသရေးစင်တာတစ်ခု တည်ဆောက်မည်



ဘီတီအက်စ်အဖွဲ့ဝင် ဆူဂါ (ခေါ်) မင်ယောင်ဂီက Min Yoongi Treatment Center ဆိုသည့် ကုသရေးစင်တာတစ်ခု တည်ဆောက်ရန် Severance ဆေးရုံကြီးနှင့် လက်တွဲလှူပေါင်းလိုက်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါကုသရေးစင်တာသည် အော်တဆင်(Autism)ရောဂါ ခံစားနေရသည့် ကလေးငယ်များနှင့်ဆယ်ကျော်သက်များကို ကုသပေးနေသည့် စိတ်ကျန်းမာရေးဌာနဖြစ်ပြီး ဆူဂါက ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကလေးစိတ်ရောဂါအထူးနယ်ပယ်မှ ပညာရှင်များနှင့် ဆွေးနွေးခဲ့ပြီး ၂၀၂၃ ခုနှစ်၊ မတ်လမှ ဇွန်လအတွင်း အားလပ်ရက်တိုင်း ကလေးများနှင့်တွေ့ဆုံ၍ အစီအစဉ်ဖော်ဆောင်ရာတွင် ပါဝင်ခဲ့သည်။

ယင်းကုသရေးစင်တာအတွက် ဝမ်ငါးဘီလီယံ လှူဒါန်းမည်ဟု ကြေညာခဲ့၍ Yonsei Medical Center သမိုင်းတွင် အကြီးမားဆုံး အနုပညာအလှူရှင်အဖြစ် မှတ်တမ်းတင်ထားကြသည်။ (SKY)



## သွေးပေါင်ချိန်ထိန်းချုပ်မှုကြောင့် ရေရှည်ကျန်းမာရေးထိခိုက်လာစေနိုင်

ယနေ့ခေတ်တွင် သွေးပေါင်ချိန်အတက်၊ အကျသည် လူလတ်ပိုင်းနှင့် လူကြီးပိုင်းများအတွက် အထူးအလေးထားရမည့် ကျန်းမာရေးပြဿနာဖြစ်လာကြောင်း တွေ့ရသည်။

သွေးပေါင်ချိန်ထိန်းချုပ်မှုကြောင့် ၄င်းတို့သည် နှလုံးရောဂါ၊ လေဖြတ်ခြင်းနှင့် နှလုံးအလုပ်မလုပ်ခြင်း စသည့် ရေရှည်ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးများကို ဖြစ်ပေါ်လာစေနိုင်ကြောင်း အမေရိကန် သုတေသနအဖွဲ့တစ်ဖွဲ့ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ခွဲခြမ်းစိတ်ဖြာမှုကို ဆောင်ရွက်ရန်အတွက် ထိုသုတေသီများသည် အမျိုးသားကျန်းမာရေးနှင့် အာဟာရစစ်တမ်းနှင့် အခြားသော သိပ္ပံနည်းကျ အရင်းအမြစ်များမှ အချက်အလက်များကို ရယူခဲ့သည်။

သို့သော် ပို၍ထိရောက်သောပစ်မှတ်သည်လည်း ရုတ်တရက် လဲကျခြင်း၊ ကျောက်ကပ်ထိခိုက်ခြင်း၊ သွေးပေါင်ကျခြင်းနှင့် နှလုံးခုန်နှုန်းနှေးခြင်း စသည့် အန္တရာယ်များ ပိုများလာစေနိုင်ကြောင်း သိရသည်။ (SCI)

## Enhypen မှ Jung Won က ဆံပင်စတိုင်လ်သစ် ပြောင်းလဲခဲ့



ကေပေါ့ပ်မျိုးဆက်သစ်အဖွဲ့ ဆိုက်ဖွန်မှ ဂျောင်ဝမ်သည် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ ဆံပင်ပုံစံကို သဘောကျ၍ ဆံပင်စတိုင်လ်သစ်ပြောင်းလဲခဲ့သည်ဟု ပြောကြားထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဝမ်က ကုမ္ပဏီနှင့်တိုင်ပင်ကာ ရွှေရောင်ဆံပင်နှင့် ဗွီကို Magic Shop Performance မှ Side Profile တွင် တွေ့ပြီး ပြောင်းလဲချင်သည့်ဆန္ဒကြောင့် ဆံပင်စတိုင်လ်သစ်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ဘီတီအက်စ်မှ ဗွီသည် မျိုးဆက်သစ်ကေပေါ့ပ်အဖွဲ့များစွာ၏ စံပြဖြစ်ခဲ့ကာ သူ၏ဖက်ရှင်စတိုင်လ် ခေါင်းအစခြေအဆုံးကို တုပခဲ့ကြသူ များပြားခဲ့သည်။ (SKY)

## Wang Yi Bo က ၂၀၂၅ ခုနှစ်အတွင်း အကျော်ကြားဆုံးနေရာရခဲ့



၂၀၂၅ ခုနှစ် နှစ်ဝက်အတွင်း Douyin နှင့် Wechat လူမှုကွန်ရက်များတွင် အကျော်ကြားဆုံးအနုပညာရှင်အဖြစ် ထိပ်ဆုံးနေရာကို ဝမ်ရိဘိုက သိမ်းပိုက်ထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝမ်ရိဘိုသည် Douyin တွင် အကျော်ကြားဆုံးအနုပညာရှင် ၆၀ ဦးအနက် နံပါတ်(၁)နေရာ၊ Wechat တွင် အနုပညာရှင် ၉၀ နှစ်ဖွားများ၌ နံပါတ်(၁)နေရာ ရရှိထားပြီး ထိပ်ဆုံး၌ ရပ်တည်နေသည်။

သရုပ်ဆောင်၊ အဆိုတော်၊ အကပညာရှင်၊ မော်တော်ဆိုင်ကယ်နှင့် ကားပြိုင်ပွဲဝင်၊ စပိဘုတ်စီးသူ တောင်တက်သမား၊ ရေခဲတောင်တက်သူ၊ ရေခဲစကိတ်စီးသူ၊ ရက်ပ်ပါ၊ ဖက်ရှင်စတိုင်လ်နှင့် Nature Protecter ဝမ်ရိဘို၏ ဂုဏ်ပုဒ်များစွာက ပရိသတ်ကြား ရေပန်းစားခဲ့သည်။ (SKY)

## ဘူမ်ကျိုင်းထိုင်း (BJT) ပါတီခေါင်းဆောင် အနုတင်ချာဗီရာကူ ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခံရ

ဗန်ကောက် စက်တင်ဘာ ၅

အတိုက်အခံ ဘူမ်ကျိုင်းထိုင်း (BJT) ပါတီခေါင်းဆောင် အနုတင်ချာဗီရာကူက ပါလီမန်တွင် ထောက်ခံမဲအများစုရရှိပြီး ထိုင်းနိုင်ငံ၏ ဝန်ကြီးချုပ်သစ်အဖြစ် ယနေ့ရွေးချယ်ခံခဲ့ရသည်။

အနုတင်ချာဗီရာကူက အာဏာရ ဖြူထိုင်းပါတီမှ တစ်ဦးတည်း အမည်စာရင်းတင်သွင်းခံရသည့် ချိုင်ကာဆမ်နစ်ဆီရီအား အနိုင်ရရှိခဲ့သည်။

အနုတင်ချာဗီရာကူက အောက်လွှတ်တော်အမတ် ၄၉၀ အနက် ၃၁၁ ဦး၏ ထောက်ခံမဲရရှိသည့်အတွက် ဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခန့်အပ်ရန် လိုအပ်သည့် မဲပမာဏကို ကျော်လွန်ခဲ့ကြောင်း အောက်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ချာလတ်ခမ်ချောင်က ကြေညာခဲ့သည်။



အနုတင်ချာဗီရာကူသည် ထိုင်းနိုင်ငံ၏ ၃၂ ယောက်မြောက် ဝန်ကြီးချုပ်ဖြစ်လာသည်။

ပါလီမန်အမတ်များမှတစ်ဆင့် ဝန်ကြီးချုပ်ရာထူးခန့်အပ်ရန် ထောက်ခံအားပေးမှုအတွက် ထိုင်းပြည်သူများအား ကျေးဇူးတင်ရှိကြောင်း အနုတင်ချာဗီရာကူက ပြောကြားခဲ့သည်။

တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် ပါတီအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

## အင်ဒိုနီးရှားက ပြည်ဝင်ခွင့်လွယ်ကူစေရေးအတွက် အက်ပလီကေးရှင်းဖြင့် ဆောင်ရွက်

ဂျကာတာ စက်တင်ဘာ ၅

အင်ဒိုနီးရှားနိုင်ငံက နိုင်ငံအတွင်း ရောက်ရှိလာသည့် နိုင်ငံတကာ ခရီးသွားများ ပြည်ဝင်ခွင့်လွယ်ကူစေရေးအတွက် ဖုန်းအက်ပလီကေးရှင်းတစ်ခုကို ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

All Indonesia ဟု အမည်ရသည့် ယင်းအက်ပလီကေးရှင်းသည် နိုင်ငံတကာ ခရီးသွားများ ဆိုက်ရောက်ချိန်တွင် ဖြည့်စွက်ရမည့် အချက်အလက်များကို အွန်လိုင်းမှ ဖြည့်စွက်စေမည်ဖြစ်ကာ စက်တင်ဘာ ၁ ရက်မှစတင်ဆောင်ရွက်နေကြောင်း သိရသည်။

ခရီးသွားများအနေဖြင့် အင်ဒိုနီးရှားနိုင်ငံသို့မရောက်မီ သုံးရက်အလိုတွင် အက်ပလီကေးရှင်းမှ အချက်အလက်များကို ဖြည့်ရမည်ဖြစ်သည်။

ယခုစနစ်ကြောင့် နိုင်ငံတကာခရီးသွားများအနေဖြင့် အွန်လိုင်းမှ ဆိုက်ရောက်ဗီဇာကြေးပေးနိုင်ခြင်းနှင့် တန်းစီရသည့်အတွက် အချိန်မကုန်နိုင်တော့ကြောင်း သိရသည်။ အွန်လိုင်းမှ အချက်အလက်များ ဖြည့်ပြီးသည်နောက်တွင် ကျူအာကုတ်ရရှိမည်ဖြစ်ပြီး နိုင်ငံအတွင်းသို့ဆိုက်ရောက်ချိန်တွင် ပြသရမည်ဖြစ်သည်။ ၎င်းစနစ်အား မြို့တော်ဂျကာတာရှိ ဆူကာနိုဟာတာလေဆိပ်၊ ဆူယာဗာယာရှိ ဂျူဒါလေဆိပ်၊ ဘာလီရှိ အိုင်ဂက်စတီငူယာရိုင်းလေဆိပ်နှင့် ဗာတန်ဒေသရှိ ရေကြောင်းဆိပ်ကမ်းများတွင်စတင်အသုံးပြုမည်ဖြစ်သည်။ ကိုးကား-ဗွီအင်န်အိက်ပရက်စ်

ဘာသာပြန်-စိုးသူရ



## ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇူကာဘာတ်နှင့် နာမည်တူသူ အကောင့်ကို လွန်ခဲ့သော ရှစ်နှစ်အတွင်း ငါးကြိမ်တိုင်ပိတ်သိမ်းခံခဲ့ရ

ဝါရှင်တန် စက်တင်ဘာ ၅

မာ့ခ်အက်စ် ဇူကာဘာတ်ဟု အမည်ရသော အမေရိကန်ရှေ့နေတစ်ဦးသည် ၎င်း၏အမည်မှာ ဖေ့စ်ဘွတ်ခ်တည်ထောင်သူ မာ့ခ်ဇူကာဘာတ်နှင့် တူညီနေခြင်းကြောင့် ဆိုရှယ်မီဒီယာပလက်ဖောင်းကို ယမန်နေ့က တရားစွဲဆိုလိုက်ကြောင်း သိရသည်။

၎င်း၏အကောင့်ကို ဖေ့စ်ဘွတ်ခ် ပလက်ဖောင်းက ထပ်ခါထပ်ခါပိတ်သိမ်းနေပြီး "နာမည်ကျော်တစ်ဦးကို လိမ်လည်အတုခိုးသည်"ဟု မဟုတ်မမှန် စွပ်စွဲခံခဲ့ရသည်။

မိမိ၏အကောင့်ကို လွန်ခဲ့သောရှစ်နှစ်အတွင်း ငါးကြိမ်တိုင်ပိတ်သိမ်းခံခဲ့ရသည့် အကျိုးဆက်ကြောင့် စီးပွားရေးဆုံးရှုံးမှု ထောင်ပေါင်းများစွာ ဖြစ်ခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ဥပဒေလုပ်သက် ၃၈ နှစ်ကြာနေပြီဖြစ်သော အင်ဒီယားနားပြည်နယ်မှ ဘဝတိုးတက်မှုဆိုင်ရာ ရှေ့နေ မာ့ခ်အက်စ် ဇူကာဘာတ် အလုပ်ဝင်ခါစအချိန်တွင် မာ့ခ်အီး ဇူကာဘာတ်မှာ ကလေးငယ်တစ်ဦးသာရှိသေးသည်။

မယ်တာကုမ္ပဏီက ယင်းရှေ့နေ၏အကောင့်ကို ပြန်လည်အသုံးပြုခွင့်ပေးခဲ့ပြီး အဆိုပါမှားယွင်းမှု ထပ်မံမဖြစ်ပွားစေရန် အစီအမံများ ဆောင်ရွက်နေကြောင်း သိရသည်။ Mon

## ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ်ငွေကြေးဖောင်းပွမှုနှုန်း ဩဂုတ်လတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့

မနီလာ စက်တင်ဘာ ၅

ဖိလစ်ပိုင်နိုင်ငံ၏ နှစ်စဉ် ငွေကြေးဖောင်းပွမှုနှုန်းသည် ဩဂုတ်လတွင် ၁ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်လက ၀ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့ရာ ယင်းပမာဏသည် အိမ်ရာ၊ လျှပ်စစ်မီးသုံးစွဲမှု၊ အစားအသောက်နှင့် အဖျော်ယမကာ ကုန်ကျစရိတ်များကြောင့် မြင့်တက်လာခြင်းဖြစ်သည်။

အဓိက ငွေကြေးဖောင်းပွမှုသည် မတည်မငြိမ်ဖြစ်သော အစားအသောက်နှင့် စွမ်းအင်ဈေးနှုန်းများမှလွဲ၍ ဩဂုတ်လတွင် ၂ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပြီး ဇူလိုင်လတွင် ၂ ဒသမ ၃ ရာခိုင်နှုန်းသာရှိခဲ့သည်။

ယခုနှစ်တွင် ပျမ်းမျှ ၁ ဒသမ ၇ ရာခိုင်နှုန်း၊ ၂၀၂၆ ခုနှစ်တွင် ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ၂၀၂၇ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ငွေကြေးဖောင်းပွမှုပျမ်းမျှကို ခန့်မှန်းထားပြီး ယခင်အပတ်အတွင်း ဖိလစ်ပိုင်ဗဟိုဘဏ်က အဓိကဘဏ်အတိုးနှုန်းကို သုံးကြိမ်ဆက်တိုက် လျှော့ချခဲ့ကြောင်း သိရသည်။

Mon








## ဂျပန်နိုင်ငံ၏ အိမ်ထောင်စု စုစုပေါင်း သုံးစွဲမှုလုပ်ခလစာပမာဏ ယခုနှစ် ဇူလိုင်လတွင် ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်လာ

တိုကျို စက်တင်ဘာ ၅

ယခုနှစ်ဇူလိုင်လတွင် ဂျပန်နိုင်ငံ၏ အိမ်ထောင်စု စုစုပေါင်း သုံးစွဲမှုသည် မူလခန့်မှန်းထားသည့် ၂ ဒသမ ၃ ရာခိုင်နှုန်းထက် နိမ့်ကျပြီး တစ်နှစ်တာနှင့် နှိုင်းယှဉ်ပါက ၁ ဒသမ ၄ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ရာသီအလိုက် ချိန်ညှိပြီး လစဉ်အခြေခံအရ၊ သုံးစွဲမှုသည် ၁ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ပြီး ယင်းသည် ခန့်မှန်းထားသည့် ၁ ဒသမ ၃ ရာခိုင်နှုန်းထက် ပိုမိုများပြားခဲ့သည်။

အိမ်ထောင်စုများ၏ ဝယ်ယူနိုင်စွမ်းအားကို ဆုံးဖြတ်ပေးသည့် အဓိကအချက်ဖြစ်သော ငွေကြေးဖောင်းပွမှု တွက်ချက်ပြီးသည့် အမှန်တကယ် လုပ်ခလစာသည် ပြီးခဲ့သည့် ဒီဇင်ဘာလက ၀ ဒသမ ၃ ရာခိုင်နှုန်းတိုးခဲ့ပြီးနောက် ယခုနှစ် ဇူလိုင်လတွင် တစ်နှစ်ထက်တစ်နှစ် ၀ ဒသမ ၅ ရာခိုင်နှုန်းအထိ ပထမဆုံးအကြိမ် တိုးတက်လာခဲ့သည်။

အပိုဆုကြေးများအပါအဝင် အထူးပေးချေမှုများသည် ၇ ဒသမ ၉ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန၏ အချက်အလက်များက ဖော်ပြသည်။

အလုပ်သမားဝန်ကြီးဌာနမှ အမှန်တကယ် လုပ်ခလစာကို တွက်ချက်ရာတွင် အသုံးပြုသည့် စားသုံးသူ ငွေကြေးဖောင်းပွမှုနှုန်းသည် ဇူလိုင်လတွင် တစ်နှစ်ထက်တစ်နှစ် ၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ထိုနှုန်းတွင် လတ်ဆတ်သော အစားအသောက်ဈေးနှုန်းများ ပါဝင်သော်လည်း အိမ်ငှားရမ်းခများ မပါဝင်ကြောင်း သိရသည်။ Mon

## ကာလီဖိုးနီးယားတောင်ပိုင်း အက်ဒီဆင်လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီကို အမေရိကန်ပြည်ထောင်စု တရားရေးဌာနက အမှုနှစ်မှုဖြင့် တရားစွဲဆို

ဝါရှင်တန် စက်တင်ဘာ ၅

အမေရိကန်ပြည်ထောင်စု တရားရေးဌာနသည် ကာလီဖိုးနီးယားတောင်ပိုင်း အက်ဒီဆင်လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီကို လျှပ်စစ်မီးလောင်မှုနှင့်ဆက်စပ်သည့် ၎င်း၏လျစ်လျူရှုမှုကြောင့် လော့စ်အိန်ဂျယ်လိစ်မြို့အနီး မီးလောင်မှုဖြစ်ပွားခဲ့ရသည်ဟူသော တရားစွဲဆိုမှု နှစ်မှု ယမန်နေ့က ပြုလုပ်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ထိုလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီသည် ၎င်း၏လျှပ်စစ်ဓာတ်အားနှင့် ဓာတ်အားလွှတ်လိုင်းတည်ဆောက်ပုံများကို စနစ်တကျထိန်းသိမ်းရန် ပျက်ကွက်ခဲ့ခြင်းကြောင့် အီတန်မီးလောင်မှု ဖြစ်ပွားခဲ့ရသည်ဟု တင်သွင်းခဲ့သော တရားစွဲဆိုမှုများအနက် တစ်မှုတွင် စွပ်စွဲထားသည်။

ဒုတိယအမှုတွင်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလက ဆန်ဘာနာဒီနို အမျိုးသားသစ်တောအနီးတွင် ဖြစ်ပွားခဲ့သည့် ဖဲယားဗျူး မီးလောင်မှုကို အလားတူပင် စွပ်စွဲထားသည်။

ကာလီဖိုးနီးယားပြည်နယ် အနောက်ပိုင်းရှိ လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီများသည် မီးလောင်လွယ်သောဒေသများတွင် ပြုပြင်ထိန်းသိမ်းမှု မလုံလောက်ခြင်းကြောင့် မီးလောင်မှုများ ဖြစ်ပွားသည်ဟူသော စွပ်စွဲမှုများ မကြာခဏကြုံတွေ့နေရကြောင်း သိရသည်။

Mon

# ရတနာပုံတက္ကသိုလ်၌ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အကြို အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၁၃ရက်တွင် ကျရောက်မည့် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုအဖြစ် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရန်နှင့် ၎င်းတို့၏ဘဝ ပြန်လည်ထူထောင်နိုင်ရေး ဆောင်ရွက်ရာတွင် အလွန်အရေးကြီးသည့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ ရက် နံနက် ၉နာရီက ရတနာပုံတက္ကသိုလ် အားကစားခန်းမ(၂)၌ ကျင်းပသည်။

ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက အဖွင့်အမှာစကားနှင့် ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်တို့ကို ပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့စုမှူး ရဲမှူး သူဇာလွင်က လူကုန်ကူးခံရသူများ၊ အမျိုးသမီးများ၊ ကလေးသူငယ်နှင့် လူငယ်များအား ကာကွယ်စောင့်ရှောက်ခြင်းနှင့် အကူအညီပေးခြင်းဆိုင်ရာ လုပ်ငန်းစဉ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းဆိုင်ရာများ၊ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းများသို့ လိမ်လည်စည်းရုံးခေါ်ဆောင်သည့်နည်းလမ်းများ၊ အွန်လိုင်းငွေကြေးလိမ်မှုလုပ်ငန်းများတွင် လူကုန်ကူးမခံရစေရေးအတွက် သတိပြုရမည့်အချက်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ ပြစ်မှုပြစ်ဒဏ်များကို ပါဝါပွိုင့်ဖြင့် ဟောပြောခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ဟောပြောပွဲနှင့် သက်ဆိုင်သည့်မေးခွန်းများကိုမေးမြန်းရာ အဖြေမှန် ဖြေဆိုနိုင်သူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။

ထို့နောက် ပါမောက္ခချုပ်က ဟောပြောဆွေးနွေးပေးသော ရဲမှူး သူဇာလွင်အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၈၂)



# အိမ်ဆိုင်နှင့် လမ်းဘေးဈေးဆိုင်များ သတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချရေး စစ်ဆေးပညာပေး



**တံတားဦး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် လမ်းမကြီးများ ဝဲ၊ ယာရှိ အိမ်ဆိုင်များနှင့် လမ်းဘေးဈေး အရောင်းဆိုင်များ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ စစ်ဆေးပညာပေးဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ဌာနဆိုင်ရာစစ်ဆေးရေးအဖွဲ့များက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

တံတားဦးမြို့နယ် သန့်ရှင်းသာယာလှပရေးနှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်သည့် မြို့ဖြစ်စေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်၍ လမ်းမကြီးဘေးရှိ အိမ်ဆိုင်များနှင့် ဈေးအရောင်းဆိုင်ပိုင်ရှင်များအား စည်းကမ်းများနှင့်အညီ ရောင်းချရေး ဆွေးနွေးခဲ့ပြီးဖြစ်ရာ ယခုအခါသတ်မှတ်စည်းကမ်းနှင့် ရောင်းချခြင်း ရှိ၊ မရှိ လှည့်လည်စစ်ဆေးခြင်းကို ဌာနဆိုင်ရာများက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဓဲပုံ)

(၄၀၉)

# မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးအရေးယူ



**နေပြည်တော် စက်တင်ဘာ ၅**

စက်တင်ဘာ ၃ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသား တစ်ဦးအား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အမှတ်(၇)နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက နယ်မြေလှည့်ကင်း ဆောင်ရွက်နေစဉ် ဇမ္ဗူသီရိမြို့နယ်၊ ဥဏ္ဏသိဒ္ဓိရပ်ကွက်၊ မြဝတ်မှုံလမ်းနှင့် ရတနာအောင်မြေလမ်းထောင့်၌ လက်ဆွဲခြင်း တစ်လုံးအား ဆွဲလျက် လမ်းလျှောက်လာသူ အဆိုပါရပ်ကွက်နေ ဝေယံဦး(ခ)အငယ်လေး(၂၇)နှစ်အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ ၎င်းလွယ်ထားသည့်အိတ်အတွင်းမှ မီးကြိုးဖြတ်တောက်ရာတွင် အသုံးပြုသည့် ပလာယာ နှစ်ချောင်း၊ တက်စတာ တစ်ချောင်း၊ ကတ်တာ တစ်ချောင်းနှင့် လက်ဆွဲခြင်းအတွင်းမှ မီးကြိုးသုံးပိဿာခန့်အားတွေ့ရှိရပြီး အဆိုပါမီးကြိုးများအား ငွေလျှင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေပြီး လူနေထိုင်ခြင်းမရှိသည့် တိုက်(၃၃၁၀၇)ရှိ အခန်းများအတွင်းမှ ဖြတ်တောက်ခိုးယူလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဝေယံဦး(ခ)အငယ်လေးအား အမှတ်(၇)နယ်မြေရဲစခန်းမှ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ


## ခရီးသည်တင်မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ပြင်ဆိုင်အားဝင်တိုက်၊ လမ်းဘေးရှိနေအိမ်ပေါ်သို့ ပိမိ

**မန္တလေး စက်တင်ဘာ ၅**

စက်တင်ဘာ ၃ ရက်က ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ပြင်ဆိုင်အား ဝင်ရောက်တိုက်မိပြီး လမ်းဘေးရှိနေအိမ်ပေါ်သို့ ပိမိခဲ့သောကြောင့် ကလေးငယ် နှစ်ဦး သေဆုံးကာ အမျိုးသား ငါးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ သစ်စက်ကျေးရွာ၊ ကျွဲရှင်းတံတားအနီး ပျဉ်းမနား-တောင်ညိုကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ(နေပြည်တော်)မှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တောင်ညိုဘက်မှ ကျွဲရှင်းကျေးရွာဘက်သို့ ပျဉ်းမနားမြို့နယ်၊ ဘောဂဝတီရပ်ကွက်နေ မင်းမင်းဦး(၃၃)နှစ် မောင်းနှင်ပြီး မြို့ဦးကျေးရွာနေ ပြည့်စုံဖြိုး(ခ)ကိုပြည့်(၂၆)နှစ် လိုက်ပါသော 4I-----FUSO အဖြူရောင်ခရီးသည်တင်မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ သစ်စက်ကျေးရွာနေ ဦးကျော်ဇော(ခ)ကျော်လတ်(၃၄)နှစ်၏ ဆိုင်ကယ်ပြင်ဆိုင်အား ဝင်ရောက်တိုက်မိသဖြင့် ဦးကျော်ဇော(ခ)ကျော်လတ်နှင့် ဇနီးဖြစ်သူ ဒေါ်စိမ့်စိမ့်ထူး (၃၅)နှစ်တို့တွင် ထိခိုက်ဒဏ်ရာများရရှိ၍ သမီးဖြစ်သူ မအိမ့်ရတီကျော်(၃)နှစ်မှာ သေဆုံးသွားခဲ့ကာ ခရီးသည်တင်မော်တော်ယာဉ်မှာ လမ်းဘေးအောက်သို့ ဆက်လက်ထိုးကျပြီး ဦးပေါ်ဦး၏နေအိမ်ပေါ်သို့ ပိမိခဲ့သဖြင့် ၎င်း၏သားဖြစ်သူ မောင်ဝန်းရံခ(၁၄)နှစ်တွင် ထိခိုက်ဒဏ်ရာများရရှိကာ ထပ်မံသေဆုံးသွားခဲ့သည်။

ယာဉ်ပေါ်ပါ ခရီးသည်များအနက် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နေ ဦးစိုးနိုင်(၅၃)နှစ်၊ ဇမ္ဗူသီရိမြို့နယ်နေ ဦးဘုန်းကျော်(၄၁)နှစ်၊ ဒေါ်မြင့်မြင့်ဌေး(၃၈)နှစ်၊ ဒက္ခိဏသီရိမြို့နယ်နေ ကိုအောင်ကိုမျိုး(၂၆)နှစ်၊ ပုဗ္ဗသီရိမြို့နယ်နေ ကိုရဲထက်ကျော်(၂၈)နှစ်၊ မမေဦးမောင် (၂၄)နှစ်နှင့် မထက်ထက်ဖြိုး(၁)နှစ်(၈)လ၊ လယ်ဝေးမြို့နယ်နေ ဒေါ်အေးအေးဝင်း(၄၉)နှစ်နှင့် မသင်းသီရိအောင်(၁၇)နှစ်တို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် မင်းမင်းဦးအား တောင်ညိုနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အောက်ပုံ) (မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Shwe Yer Maung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၁)ရပ်ကွက်နေ သန်းဆွေအား နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရွှေပြည်သာမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေးတွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



**မုန်လာဥဖြူ**

ကျောက်ကပ်ရောင်သည်ဖြစ်စေ၊ ကျောက်ကပ်ကျောက်တည်သည်ဖြစ်စေ၊ ကျောက်ကပ်ကြောင့် ခါးနာ၊ ခါးကိုက်ခြင်း၊ နုံးချည့်အော့အန်ခြင်းများအတွက် မုန်လာဥဖြူတစ်လုံးကို သန့်စင်စွာဆေးကြောပြီး အတုံးလေးများတုံး၍ ရေအနည်းငယ်ထည့်ပြီး ကြိတ်စက်ထဲသို့ထည့်၍ ကြိတ်ချေပါ။ အဖတ်များကို စစ်ထုတ်ပြီး အရည်ကိုသောက်ပါ။

ကျောက်ကပ်ရောင်ခြင်း၊ ကျောက်ကပ်ကျောက်တည်ခြင်း၊ ခါးနာ၊ ခါးကိုက်၊ နုံးချည့်အော့အန်ခြင်းများ ယူပစ်သလို ပျောက်ကင်းသွားပါလိမ့် မယ်။

မုန်လာဥဖြူကြိတ်ရည်ဟာ ကျောက်ကပ်ကို ချက်ချင်းဆေးကြောပေးပါတယ်။ အူကျသူများလည်း အသုံးပြုနိုင်ပါတယ်။ ထို့ပြင် မုန်လာဥဖြူကို တစ်ပတ်တစ်ခါ ချက်စားပေးခြင်းဖြင့် ကျောက်ကပ်ကျန်းမာရေးကို ထိန်းသိမ်းသင့်ပါတယ်။

မုန်လာဥဖြူစားသုံးခြင်းဖြင့် ကင်ဆာရောဂါမဖြစ်စေရန် ကာကွယ်ပေးခြင်း၊ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်း၊ ကျောက်ကပ်ကို ကျန်းမာစေခြင်း၊ သွေးပေါင်ချိန်မှန်စေခြင်း၊ ဝမ်းမှန်စေခြင်း၊ ကိုယ်အလေးချိန်ကျစေခြင်း၊ အသားအရေစိုပြည်လှပစေခြင်းနဲ့ အရွယ်တင်နုပျိုခြင်း စသည့် ကောင်းကျိုးများကို ရရှိစေမှာဖြစ်ပါတယ်။



**ကြက်သွန်ဖြူ**

ကြက်သွန်ဖြူဟာ သဘာဝအလျောက်ဆေးတစ်မျိုးဖြစ်ပြီး ရှေးယခင်ကတည်းက တစ်ကမ္ဘာလုံးမှာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆေးဖော်စပ်အသုံးပြုခဲ့ကြပါတယ်။

ကြက်သွန်ဖြူကို ပုံမှန်စားသုံးခြင်းဖြင့် ကိုယ်ခံအားကောင်းစေပြီး ကူးစက်နိုင်တဲ့ရောဂါများကို တားဆီးကာကွယ်ပေးနိုင်ပါတယ်။ ထို့ပြင် အခြားသောကျန်းမာရေးအကျိုးကျေးဇူးများလည်း ရှိပါသေးတယ်။

သွေးကြောအတွင်း အဆီပိတ်ဆို့မှုကို ကာကွယ်ပေးခြင်း၊ ကိုလက်စထရော လျှော့ချပေးခြင်း၊ သွေးဖိအားကို လျှော့ချပေးခြင်း(သွေးတိုးဖြစ်နိုင်ခြေကျဆင်းခြင်း)၊ လေးဖက်နာနှင့် ဂေါက်ရောဂါကို ကုသနိုင်ခြင်း၊ အအေးမိ အဖျားပျောက်ကင်းစေခြင်း၊ အသက်ရှူလမ်းကြောင်းနှင့် ဆိုင်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ အဆုတ်နှင့်ဆက်စပ်ရောဂါများကို ပျောက်ကင်းစေခြင်း၊ ပြည်တည်နာကို ကျက်စေခြင်း၊ ဆီးလမ်းကြောင်းမှတစ်ဆင့် ကူးစက်တတ်သောရောဂါများကို ပျောက်ကင်းစေခြင်း၊ ဝမ်းတွင်းအစာခြေဖျက်မှုလုပ်ငန်းများကို မြန်ဆန်စေခြင်း၊ ကင်ဆာရောဂါများဖြစ်ပွားမှုကို တားဆီးကာကွယ်ပေးခြင်း၊ ဓာတုဆေးအဆိပ်တို့ကို ပြယ်စေခြင်း၊ သွေးမခဲစေရန် တားဆီးကာကွယ်ပေးခြင်း၊ အစာစားချင်စိတ်ကို ဖြစ်ပေါ်စေခြင်း၊ အင်းဆက်နှင့် ပိုးကောင်ကိုက်ဒဏ်ရာများကို ကုသနိုင်ခြင်း၊ မျက်စိအတွင်းတိမ်ကို ကုသနိုင်ခြင်း၊ ဆီးချိုရောဂါကုသနိုင်ခြင်း၊ အဆစ်ရောင်ရောဂါကို ကုသနိုင်ခြင်း၊ သွားကိုက်ပျောက်ကင်းစေခြင်း၊ ဝက်ခြံပျောက်ကင်းစေခြင်း၊ ကိုယ်ခံအားတိုးစေခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိမှာဖြစ်ပါတယ်။

**သတိပြုရန်**

အစာအိမ်ရောဂါရှိသူများအနေဖြင့် ကြက်သွန်ဖြူကို ပုံမှန်သာ စားသုံးသင့်ပါတယ်။



**ကြက်သွန်နီ**

ကြက်သွန်နီက ခံတွင်းနံ့ကို နံစေတဲ့ဆိုးကျိုးရှိတယ်ဆိုပေမယ့် ကြက်သွန်နီကို အစိမ်းလိုက်စားပေးခြင်းဖြင့် သွားတွေကို သန့်စွမ်းစေပြီး သွားပိုးစားစေတဲ့ ဘက်တီးရီးယားတွေကို ကာကွယ်ပေးနိုင်ပါတယ်။

ကြက်သွန်နီထဲမှာ ကွာစီတင်လို့ခေါ်တဲ့ အပင်ထွက် ဖလေဗိုးနွိုက် ပါဝင်တာကြောင့် ကိုယ်ခံစွမ်းအားစနစ်ကို ကောင်းမွန်စေပြီး ကင်ဆာအကျိတ်ဖြစ်ပေါ်မှုမရှိအောင် ကာကွယ်ပေးနိုင်ပါတယ်။

ကြက်သွန်နီကို အခွံခွာတာနဲ့ လှီးဖြတ်တာကြောင့် မျက်ရည်ကျနိုင်စေပေမယ့် ဒီလိုဖြစ်ရတာက Sulphides နဲ့ Thiosulfinates တို့ကြောင့်ဖြစ်ရတာပါ။ ဒီပါဝင်ပစ္စည်းနှစ်မျိုးဟာ အီကိုလိုင်ပိုး၊ ဆာမိုနဲလားပိုးနဲ့ Bacillus Subtills ဆိုတဲ့ ပိုးတွေကြောင့် နာမကျန်းမှုမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

ကြက်သွန်နီဟာ သွေးခဲခြင်းမဖြစ်အောင် ကူညီပေးနိုင်ပါတယ်။ အကြောင်းကတော့ သွေးလှည့်ပတ်မှုကို ချောချောမွေ့မွေ့ဖြစ်စေလို့ပါ။ သွေးလွှတ်ကြောတွေထဲမှာ သွေးခဲဖြစ်တာနဲ့ ပိတ်ဆို့တာတွေမဖြစ်အောင် ကာကွယ်ပေးတာကြောင့် နှလုံးရောဂါထနိုင်ခြေကို လျှော့ကျစေတာဖြစ်ပါတယ်။

ကြက်သွန်နီမှာပါဝင်တဲ့ ခရိုမီယမ်သတ္တုဓာတ်ဟာ ဆဲလ်တွေရဲ့ အင်ဆူလင်တုံ့ပြန်နိုင်စွမ်းကို ကောင်းမွန်စေတာကြောင့် သွေးတွင်းသကြားဓာတ်ကို ထိန်းချုပ်ပေးနိုင်တာဖြစ်ပါတယ်။

နှာခေါင်းပိတ်တာနဲ့ နှာခေါင်းမြွေးရောင်ရမ်းနာတို့ကို သက်သာစေရန်အတွက် ကြက်သွန်နီက အသုံးဝင်ပါတယ်။ ကြက်သွန်နီကိုစားရင် အသက်ရှူလမ်းကြောင်းရှိ အချွဲမြေးတွေကိုပျော့ဝင်စေတာကြောင့် အသက်ဝဝရှူနိုင်စေပါတယ်။

နားကိုက်တာနဲ့ မူးဝေတာတို့ သက်သာစေရန် ရေထဲကို ကြက်သွန်နီထည့်ပြီး ပျော့သွားအောင် ပြုတ်ကာ အေးအောင်ထားပြီး အဝတ်စတစ်စထဲထည့်လိုက်ပါ။ ပြီးရင် အဲ့ဒီအဝတ်စကို နားပေါ်မှာ ကပ်ပေးပါက နားကိုက်ခြင်းကို သက်သာစေနိုင်ပါတယ်။

ကြက်သွန်နီအစိမ်းကို ခံတွင်းထဲမှာ သုံးမိနစ်ခန့်ဝါးစားပေးခြင်းဖြင့် ခံတွင်းထဲက ပိုးမွှားတွေကို သေစေနိုင်ပါတယ်။ ကြက်သွန်နီကို ပါးပါးလှီးပြီး ရောင်ရမ်းနေတဲ့ သွားဖုံးနဲ့ ကိုက်နေတဲ့သွားတွေပေါ်ကပ်ပေးပါက သွားကိုက်တာကို ပျောက်ကင်းစေပါတယ်။

ကြက်သွန်နီဟာ ဆီးလမ်းကြောင်းဆိုင်ရာရောဂါတွေကို ကုသရာမှာ အလွန်အသုံးဝင်ပါတယ်။ ဆီးသွားစဉ် ပူစပ်ပူလောင်ဖြစ်တဲ့ ဝေဒနာနဲ့ ဝမ်းကိုက်ခြင်းတို့အတွက် ကြက်သွန်နီကို အစိမ်းစားပေးရင် သက်သာပျောက်ကင်းစေပါတယ်။



**ကြောင်လျှာသီး**

ကြောင်လျှာသီးဟာ ကင်ဆာဆဲလ်များ မပြန့်ပွားစေရန် ဟန့်တားပေးနိုင်ပါတယ်။

အသည်းနဲ့ကျောက်ကပ်က အဆိပ်အတောက်တွေကို ဖယ်ရှားပေးနိုင်တာကြောင့် ဆေးသောက်သုံးရတာကြောင့် အသည်းထိခိုက်တာနဲ့ ကျောက်ကပ်မှာ ကျောက်တည်တာကိုလည်း သက်သာစေပါတယ်။

ကြောင်လျှာသီးဟာ ဆီးချိုရတ်တရက်တက်တာကို ထိန်းပေးနိုင်တာကြောင့် ဓာတ်စာအနေနဲ့ စားသုံးသင့်ပါတယ်။ အသီးသာမက အရွက်၊ အမြစ်၊ အခေါက်တွေကလည်း ဆေးဖက်ဝင်ပါတယ်။

အသီးကို ဖုတ်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း စားခြင်းဖြင့် အစာမကြေရောဂါ၊ လည်ပင်းကြီးရောဂါနဲ့ သရိုက်ရောဂါတွေ ပျောက်ကင်းစေပါတယ်။ သုပ်စားခြင်းဖြင့် လည်ချောင်းတွင်း အပူဖုပေါက်ခြင်းကို ပျောက်ကင်းစေပါတယ်။

ကြောင်လျှာသီးကို ကြက်သားနဲ့ချက်စားပါက ပန်းနာရောဂါပျောက်ပါတယ်။ ငါးရံ့ဖြင့် ချက်စားပါက ကာလဝမ်းရောဂါပျောက်ပြီး အားကိုဖြစ်စေကာ အစာမကြေ၊ ဝမ်းပျက်ရောဂါများ ပျောက်ကင်းပါတယ်။ ပုစွန်ဖြင့် ချက်စားပါက နှလုံးလေရိုက်၊ နှလုံးတုန်နဲ့ ရင်တုန်ရောဂါများ ပျောက်ကင်းပါတယ်။

ငါးသလောက်ဖြင့် ချက်စားပါက အဖောရောဂါကို ကျစေပြီး လူကိုဝဖြိုးစေ၍ နှလုံးအားနည်းခြင်းကို ပျောက်ကင်းစေပါတယ်။ ငါးမွေထိုးနှင့်ချက်စားပါက ဒူလာ၊ သွေးဝမ်း၊ မီးယပ်သွေးဝမ်းနဲ့ မြင်းသရိုက်ရောဂါများ ပျောက်ကင်းစေပါတယ်။

ကြောင်လျှာရွက်ညှစ်ရည်ကို သောက်ပါက ဘိန်းဆိပ်သင့်ခြင်း ပျောက်ပြီး ကြောင်လျှာရွက်ကို ပြုတ်ပြီးတို့စားပါက ဝမ်းမီးကောင်းစေပါတယ်။

ကြောင်လျှာအမှုန့်ခေါက်ကို ချင်းရည်၊ ပျားရည်တို့နှင့် ဆတူရောစပ်သောက်ပါက ပန်းနာ၊ ချောင်းဆိုးရောဂါများ ပျောက်ကင်းပါတယ်။ အခေါက်မှုန့်ကို ရေနွေးတွင် နှစ်နာရီခန့် စိမ်၍ စစ်ပြီး နံနက်၊ ညသောက်ပေးပါက အစာမကြေရောဂါပျောက်ကင်းပါတယ်။

ကြောင်လျှာခေါက်ကို ရေစိမ်၍ ငှင်းရေနှင့် ပလုတ်ကျင်းပေးပါက ခံတွင်းခြောက်ကွဲနာပျောက်ကင်းပါတယ်။

သားဖွားပြီး နာကျင်ကိုက်ခဲသည့်ရောဂါ၊ ခေါင်းတစ်ခြမ်းကိုက်ရောဂါများအတွက် ကြောင်လျှာခေါက်ကို သုံးကြပါတယ်။ အမြစ်ခေါက်ကို အဆစ်အမြစ်ရောဂါ၊ ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်းကိုက်ရောဂါများအတွက် အသုံးပြုပါတယ်။

အမြစ်ကိုသွေး၍ လိမ်းပေးပါက အနာမန်းဝင်ခြင်းကို ပျောက်ကင်းစေပါတယ်။



**နနွင်း**

နနွင်းတွင် အသားဓာတ်၊ အမျှင်ဓာတ်၊ ဗီတာမင်စီ၊ အီး၊ ကေ၊ ဆိုဒီယမ်၊ ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ ကော့ပါး၊ သံဓာတ်၊ မဂ္ဂနီစီယမ်နဲ့ ဇင့်ဓာတ်တို့ပါဝင်တာကြောင့် ကျန်းမာရေးပြဿနာမျိုးစုံကို ကုသရာမှာ သုံးကြပါတယ်။

နနွင်းဟာ ကင်ဆာရောဂါမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်ပြီး ကင်ဆာဆဲလ်တွေကို ဖျက်ဆီးနိုင်စွမ်းရှိပါတယ်။ နနွင်းဟာ သွေးကင်ဆာ၊ အူကင်ဆာနဲ့ ရင်သားကင်ဆာတွေကို ကာကွယ်နိုင်စွမ်းရှိပါတယ်။

အဆစ်အမြစ်ရောင်တာ၊ နာတာတွေ လျော့ပါးသက်သာစေနိုင်သလို သွေးတွင်းသကြားဓာတ်ကိုလည်း ထိန်းညှိပေးနိုင်တာကြောင့် ဆီးချိုရောဂါကုသရာမှာလည်း အသုံးပြုကြပါတယ်။

ကိုလက်စထရောပမာဏများနေရင်လည်း နနွင်းကို ချက်ပြုတ်တဲ့အစားအစာထဲထည့်ချက်ပြီးစားသုံးပေးရင် ကိုလက်စထရောလျော့ကျစေပါတယ်။

နနွင်းမှာပါတဲ့ ဓာတ်တစ်မျိုးဟာ ကိုယ်ခံအားကောင်းအောင် မြှင့်တင်ပေးနိုင်ပြီး အအေးမိ၊ ချောင်းဆိုး၊ တုပ်ကွေးဖြစ်တာတွေကို ကာကွယ်ပေးနိုင်ပါတယ်။ ထိုရောဂါတွေဖြစ်ခဲ့ရင် နနွင်းမှုန့်လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို နွားနို့နွေးနွေးနဲ့သောက်ပေးရင် ပျောက်ကင်းစေပါတယ်။

ထိခိုက်ဒဏ်ရာဖြစ်လို့ အရေပြားပွန်းပဲ့ပေါက်ပြဲခဲ့ရင်လည်း သဘာဝပိုးသတ်ဆေး၊ အနာကျက်ဆေးဖြစ်တဲ့ နနွင်းမှုန့်ကို သိပ်ပေးရင် သက်သာနိုင်သလို အပူလောင်နာဖြစ်ရင်လည်း နနွင်းမှုန့်အုံပေးထားရင် သက်သာပျောက်ကင်းစေပါတယ်။ အရေပြားပျက်စီးတာတွေနဲ့ အသားအရောင်မမှန်တာတွေအတွက် နနွင်းက ဆေးကောင်းတစ်လက်ဖြစ်ပါတယ်။

ကိုယ်အလေးချိန်နဲ့ပတ်သက်ပြီးတော့လည်း နနွင်းက အကောင်းဆုံးကူညီပေးနိုင်ပြီး အဝလွန်နေသူတွေနဲ့ ကိုယ်အလေးချိန်များနေသူတွေ အစာစားပြီးတိုင်း နနွင်းမှုန့် လက်ဖက်ရည်ဇွန်းတစ်ဇွန်းကို သောက်သုံးသင့်ပါတယ်။

အစာမကြေခြင်း၊ အစာအိမ်ရောဂါ၊ ဆီးအိမ်၊ ဆီးလမ်းကြောင်းရောဂါများနဲ့ အသည်းရောင်ရောဂါတွေမဖြစ်ပွားစေရန် နနွင်းက ကာကွယ်ပေးနိုင်ပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား** – **Tik Tok**



# နိုင်ငံတကာ အားကစား သတင်းများ

## အာဂျင်တီးနားအသင်းက ဗင်နီဇွဲလားအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ



**လန်ဒန် စက်တင်ဘာ ၅**

ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ(တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက အာဂျင်တီးနားအသင်းနှင့် ဗင်နီဇွဲလားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဂျင်တီးနားအသင်းက ဗင်နီဇွဲလားအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဂျင်တီးနားအသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၃၉မိနစ်နှင့် မိနစ် ၈၀တွင် မက်ဆီ၊ ပွဲချိန် ၇၆မိနစ်တွင် မာတီနက်ဇ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဂျင်တီးနားအသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (တောင်အမေရိကဇုန်) ခြေစစ်ပွဲစဉ်အဖြစ် လာမည့် စက်တင်ဘာ ၁၀ ရက်တွင် အီကွေဒေါအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဂျေမီဗာဒီ ခရီမိုနီအသင်းတွင် ကျောနံပါတ်(၁၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်

**တူရင် စက်တင်ဘာ ၅**

ဝါရင့်တိုက်စစ်မှူး ဂျေမီဗာဒီသည် ခရီမိုနီအသင်းတွင် ကျောနံပါတ်(၁၀)ဂျာစီ ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ခရီမိုနီအသင်းသို့ တစ်နှစ်စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။



တိုက်စစ်မှူး ဂျေမီဗာဒီသည် အသက်အရွယ်ပိုင်းအားဖြင့် ရင့်ရော်ပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် လက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၂-၂၀၁၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၅၀၀ ကစားပြီး ဂိုး ၂၀၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ခရီမိုနီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ဝဲပုံ)

တိုက်စစ်မှူး ဂျေမီဗာဒီသည် လာမည့် စက်တင်ဘာ ၁၅ ရက်တွင် ခရီမိုနီအသင်း၏ အဝေးကွင်းပွဲစဉ်ဖြစ်သည့် ဗီရိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များပါဝင်ယှဉ်ပြိုင်ကစားသွားဖွယ်ရှိသည်။

(NGB)

## 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Amanda Anisimova တက်ရောက်

**နယူးယောက် စက်တင်ဘာ ၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော နာမည်ကျော်တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Amanda Anisimova တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင်အမေရိကန်တင်းနစ်မယ် Amanda Anisimova သည် 2025 US Open အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka ကို ၆-၇၊ ၇-၆၊ ၆-၃ဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 US Open အမျိုးသမီး တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အိမ်ရှင်အမေရိကန်တင်းနစ်မယ် Amanda Anisimova နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## နည်းပြ ရာအူးလ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် လေဗာကူဆင်အသင်း ဆွေးနွေး

**မြူးနစ် စက်တင်ဘာ ၅**

ဂျာမန်ဘွန်ဒက်လီဂါကလပ် လေဗာကူဆင်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြရာအူးလ်ကို ခန့်အပ်ရန် ဆွေးနွေးလျက်ရှိသည်။

အသက်(၄၈)နှစ်အရွယ်ရှိ နည်းပြသည် လေဗာကူဆင်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။



နည်းပြ ရာအူးလ်သည် ရီးရဲလ်မက်ဒရစ် လူငယ်အသင်းကို ကိုင်တွယ်ခဲ့ပြီး အတွေ့အကြုံရှိသူတစ်ဦးဖြစ်ခြင်းကြောင့် လေဗာကူဆင်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဆွေးနွေးလာခြင်း ဖြစ်သည်။

ထို့ကြောင့် နည်းပြရာအူးလ်ကို လေဗာကူဆင်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဒီဂျက်စပန့် အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပထမဆုံးအကြိမ် ရွေးချယ်ခြင်းခံရ

**လန်ဒန် စက်တင်ဘာ ၅**

စပါးအသင်းနောက်ခံကစားသမား ဒီဂျက်စပန့် အင်္ဂလန်လက်ရွေးစင်အသင်းကြီးတွင် ပထမဆုံးအကြိမ်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ နောက်ခံကစားသမားသည် စပါးအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၈ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်လက်ရွေးစင်အသင်းက ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ဒီဂျက်စပန့်က "ကျွန်တော် အခုလို အင်္ဂလန်လက်ရွေးစင်အသင်းမှာ ရွေးချယ်ခြင်းခံရလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ လက်ရွေးစင်အသင်းအတွက် အစွမ်းကုန် ပေးဆပ်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

အင်္ဂလန်လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ ဥရောပဇုန်ခြေစစ်ပွဲစဉ်အဖြစ် စက်တင်ဘာ ၆ရက်တွင် အန်ဒိုရာအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## အာရှဖလား(ယူ-၂၃)ဘောလုံးပြိုင်ပွဲ (ခြေစစ်ပွဲ-အုပ်စုအဆင့်)ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|---|
| ၆-၉-၂၀၂၅ စနေနေ့ | မွန်းလွဲ ၂း၀၀နာရီ | D | တီမော - ဩစတြေးလျ |
| ။ | မွန်းလွဲ၃း၀၀နာရီ | J | လာအို - တောင်ကိုရီးယား |
| ။ | မွန်းလွဲ ၃း၃၀နာရီ | C | ဘင်္ဂလားဒေ့ရှ် - ယီမင် |
| ။ | ။ | F | မွန်ဂိုလီးယား - မလေးရှား |
| ။ | ။ | G | အိုမန် - အီရတ် |
| ။ | ညနေ၄း၀၀နာရီ | B | မြန်မာ - ဂျပန် |
| ။ | ညနေ၄း၃၀နာရီ | E | သီရိလင်္ကာ - ပါလက်စတိုင်း |
| ။ | ညနေ၆း၀၅နာရီ | D | မြောက်မာရီနာကျွန်း - တရုတ် |
| ။ | ညနေ၆း၃၀နာရီ | G | ပါကစ္စတန် - ကမ္ဘောဒီးယား |
| ။ | ။ | C | စင်ကာပူ - ဗီယက်နမ် |
| ။ | ည၇း၀၀နာရီ | J | မကာအို - အင်ဒိုနီးရှား |
| ။ | ။ | B | အာဖဂန်နစ္စတန် - ကူဝိတ် |
| ။ | ။ | F | လက်ဘနွန် - ထိုင်း |
| ။ | ည၇း၃၀နာရီ | K | နီပေါ - ဆီးရီးယား |
| ။ | ည၈း၃၀နာရီ | E | ကာဂျစ္စတန် - ဥဇဘက်ကစ္စတန် |
| ။ | ။ | A | ဘူတန် - တာမင်နစ္စတန် |
| ။ | ည၉း၀၀နာရီ | I | ဂူအမ် - အီရန် |
| ။ | ည၉း၄၅နာရီ | H | ဘရူနိုင်း - ဘာရိန်း |
| ။ | ည၁၀း၃၀နာရီ | A | တရုတ်(တိုင်ပေ) - ဂျော်ဒန် |
| ။ | ။ | K | ဖိလစ်ပိုင် - တာဂျစ်ကစ္စတန် |
| ။ | ည၁၁း၃၀နာရီ | H | အိန္ဒိယ - ကာတာ |
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | နံနက်၀၀း၀၀နာရီ | I | ဟောင်ကောင်(တရုတ်) - ယူအေအီး |

## ဘောလုံးသတင်း အတိုအထွာများ

* ဘာစီလိုနာအသင်းသည် မန်ယူအသင်း နောက်ခံကစားသမား မာတီနက်ဇ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* လီဗာပူးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်း အဓိက ကစားသမား အိုလီဆေးကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

* အမှုဆောင်ဥက္ကဋ္ဌ ဒန်နီ ယယ် လီဗီ ဟာ သည် အသင်းမှ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်း စပါးအသင်းက အတည်ပြု ကြေညာခဲ့သည်။

* မန်စီးတီးအသင်း နောက်ခံကစားသမား လီဗရာမန်တိုသည် လက်ရှိအချိန်တွင် အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် ထွက်ခွာသွားဖွယ် ရှိနေသည်။

(NGB)

## ကမ္ဘာ့ဖလား ၂၀၂၆ ဘောလုံးပြိုင်ပွဲ (ဥရောပဇုန်)ခြေစစ်ပွဲ-အုပ်စုအဆင့်ပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပ-ကျော့ရလဒ် |
|---|---|---|---|---|
| ၆-၉-၂၀၂၅ စနေနေ့ | ည ၇း၃၀နာရီ | K | လတ်ဗီးယား - ဆားဘီးယား | —— |
| ။ | ည ၁၀း၃၀ နာရီ | F | အာမေးနီးယား - ပေါ်တူဂီ | —— |
| ။ | ။ | K | အင်္ဂလန် - အန်ဒိုရာ | အန်ဒိုရာ ၀-၁ အင်္ဂလန် |
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၁း၁၅နာရီ | H | ဩစတြီးယား - ဆိုက်ပရပ်စ် | —— |
| ။ | ။ | F | အိုင်ယာလန် - ဟန်ဂေရီ | —— |
| ။ | ။ | H | ဆန်မာရီနို - ဘော့စနီးယား | ဘော့စနီးယား ၁-၀ ဆန်မာရီနို |

## နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၉-၂၀၂၅ စနေနေ့ | ညနေ ၆း၀၀နာရီ | သီရိလင်္ကာ - မော်လ်ဒိုက် |
| ။ | ညနေ ၆း၁၅နာရီ | နီပေါ - ဘင်္ဂလားဒေ့ရှ် |
| ၇-၉-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၁း၃၀နာရီ | အီဂျစ် - တူနီးရှား |
| ။ | နံနက် ၀၃း၃၀ နာရီ | အမေရိကန် - တောင်ကိုရီးယား |
| ။ | နံနက် ၀၈း၃၀ နာရီ | မက္ကဆီကို - ဂျပန် |



## အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်

**မကွေး စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မကွေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းတွင် မကွေးတိုင်းဒေသကြီး၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက ဒေါ်ဝင်းဝင်းမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ကိုဝင်းက အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ သင်တန်းပို့ချရာတွင် ခန်းမအတွင်း အခမ်းအနား ဆောင်ရွက်ခြင်းနှင့် ခန်းမအပြင် အခမ်းအနား ဆောင်ရွက်ရာ၌ အခမ်းအနားတစ်ခုတွင် အခမ်းအနားမှူး၏ လုပ်ဆောင်ရမည့် တာဝန်ဝတ္တရားများ၊ မှားတတ်သည့် သဒ္ဒါအထားအသိုနှင့် အသုံးအနှုန်းများ၊ ရုပ်ပိုင်းဆိုင်ရာများ၊ ဝတ်စားဆင်ယင်မှု၊ ကြိုတင်ပြင်ဆင်မှု၊ အခမ်းအနားမှူး၏ ဆောင်ရန်၊ ရှောင်ရန်များ၊ အသံပိုင်းဆိုင်ရာနှင့် မိုက်အသုံးပြုမှုတို့ကို စာတွေ့၊ လက်တွေ့သင်ကြားပေးမည်ဖြစ်သည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုအဖွဲ့ဝင် သင်တန်းသူစုစုပေါင်း ၄၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ

## မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီစနစ်အောင်မြင်ရေးအတွက် မဲပေးစက်အသုံးပြု၍ မဲပေးခြင်းလုပ်ငန်းစဉ် အဆင့်ဆင့်အား ပြည်သူများ သိရှိနားလည်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်အမှတ်(၁)ရပ်ကွက်တွင် မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီခွဲက အေးငြိမ်းပြည်ကျော်ဓမ္မာရုံ၌ ကျင်းပသည်။

ဖြေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဒုတိယဦးစီးမှူး ဒေါ်သိမ့်သိမ့်ဆွေက မြန်မာ့အီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ မဲပေးပုံ၊ မဲပေးနည်းများကို Power Point ဖြင့် ရှင်းလင်းပြသခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော မဲဆန္ဒရှင်ပြည်သူများက တစ်ဦးချင်း ကိုယ်တိုင်စမ်းသပ်မဲပေးခြင်းများကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနားသို့ ချမ်းမြသာစည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်(၁) ဗိုလ်မှူးထွန်းဇံဖြူ၊ အဖွဲ့ဝင်(၂) ဦးတင်ထွန်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမောင်မြင့်နှင့် မြို့နယ်၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်နေ မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**ချမ်းမြေ့(ချမ်း/စည်)**

ဝ-ဝ-ဝ-ဝ-ဝ



## ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရေစင်များအတွက် Steel ရေစင်အသစ် တည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ရက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကသဲစုကျေးရွာ၊ ပင်းချားကျေးရွာနှင့် ပတ္တာကျေးရွာတို့တွင် Steel ရေစင်များ အသစ်တည်ဆောက်နေမှုအခြေအနေများကို စက်တင်ဘာ ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဖြေးဦးစွာ စဉ့်ကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အဆိုပါ ကျေးရွာများရှိ Steel ရေစင်အသစ်ပြန်လည်တည်ဆောက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

အဆိုပါ Steel ရေစင်အသစ် ပြန်လည်တည်ဆောက်နေမှုမှာ စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကသဲစုကျေးရွာတွင် ၇၀ ရာခိုင်နှုန်း၊ ပင်းချားကျေးရွာတွင် ၃၅ ရာခိုင်နှုန်း၊ ပတ္တာကျေးရွာတွင် ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

**(အောက်ပုံ)**

**အောင်ရဲကျော်**

ဝ-ဝ-ဝ-ဝ-ဝ

## ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲနိုင်ရန် တောင်သူအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်စိုက်ပျိုးရေးရုံးတွင် စက်တင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာစနစ်တကျ သုံးစွဲနိုင်ရန် တောင်သူအသိပညာပေး ဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တောင်သူအသိပညာပေးရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းထွန်း၊ တောင်သူအသိပညာပေးရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး တက်ရောက်လာသည့် တောင်သူ ၁၇ ဦးတို့အား ပြည်ကြီးတံခွန်မြို့နယ်အုပ်ချုပ်ရေးမှူးက မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဓာတ်မြေဩဇာများ စနစ်တကျ သုံးစွဲနိုင်ရေး လက်ရှိသီးနှံများ စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာများအား စိုက်ခင်းသို့ စနစ်တကျ ထည့်သွင်းရန်ပြောကြားပြီး စိုက်ပျိုးရေးမြို့နယ်ဦးစီးမှူးက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းကို အခြေခံ၍ တောင်သူများပန်းတိုင်အထွက်နှုန်းရရှိစေရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်အကြောင်း ရှင်းလင်းဆွေးနွေးပြောကြားပြီး ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာရောစပ်အသုံးပြုနည်း၊ မြေဩဇာများအား အချိန်ကိုက်အချိုးကျ စနစ်တကျသုံးစွဲနိုင်ရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စင်မင်းမောင်**



## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပွင့်ဖြူ စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖြေးဦးစွာ ပွင့်ဖြူမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌဦးကျော်မြင့်က ရွေးကောက်ပွဲကျင်းပမည့် လုပ်ငန်းများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်သဉ္ဇာစိုးက ရွေးကောက်ပွဲအပိုင်းလိုက် ဆောင်ရွက်မည့်အခြေအနေများ၊ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ MEVM မဲပေးစက်များနှင့် ပတ်သက်၍ အသုံးပြုနည်းဆိုင်ရာ အသိပညာပေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ မဲဆန္ဒနယ်မြေသတ်မှတ်ကြေညာခြင်း၊ ရွေးကောက်ပွဲကျင်းပမည့်ရက် ကြေညာခြင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ စိစစ်ခြင်းနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ရေးအတွက် ကြိုတင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းအကြံပြုဆွေးနွေးကြပြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၄၅)**







# ရတနာပုံတက္ကသိုလ်၌ ပါမောက္ခချုပ်နှင့် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများတွေ့ဆုံပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်တွင် ပါမောက္ခချုပ်နှင့် ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသည့် နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ အားကစားခန်းမ(၂)၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများအား မိမိတို့ကိုယ်တိုင် ကြိုးစား၍ စာတမ်းပြုစုတင်သွင်းရန်၊ ရိုးသားစွာဖြင့် အရည်အသွေး ပြည့်မီအောင် စာမေးပွဲဖြေဆိုကြရန်၊ ကောင်းစွာ အောင်မြင်မည့် ဘွဲ့ရများဖြစ်စေရန်အတွက် ဘက်စုံ အရည်အသွေးရှိရန်၊ ဘာသာရပ်အလိုက် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၏ စံပြကျောင်းသား၊ ကျောင်းသူကြီးများဖြစ်ရန်၊ မိခင်တက္ကသိုလ်အား အောက်မေ့လျက် အဆက်အသွယ်မပြတ်စေရန်၊ ဘွဲ့ရပြီးသော ကျောင်းသားဟောင်းများ အချင်းချင်း အပြန်အလှန်ရိုင်းပင်းကူညီပေးကြရန်၊ ပညာပြည့်ဝသည့် ဘွဲ့ရများအဖြစ် နိုင်ငံ့တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် ... နေရာ၊ ရောက်ရာအရပ်မှ အားဖြည့်ဆောင်ရွက်ကြရန်၊ မိမိတိုင်းပြည်နှင့် လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုတို့ကို ချစ်ခင်မြတ်နိုးတန်ဖိုးထားလျက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယပါမောက္ခချုပ် ဒေါက်တာဦးဝင်းနိုင်၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများ၊ နောက်ဆုံးနှစ် ကျောင်းသား၊ ကျောင်းသူ ၉၆၅ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၈၂)



## (၄၁)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာမှ အယ်ဒီတာ ဦးအောင်မျိုးမြတ်(မျက်ကြည်လွှာအလှူရှင်)သည် ယနေ့နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်တွင် ဗီဇိတဒါနအဖြစ် (၄၁) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၀)

## စားအုန်းဆီနှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီပိဿာ ၃၃၀ ရောင်းချပေး

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ပြည်သူများ စားသုံးဆီ ဝယ်ယူသုံးစွဲရာတွင် အိမ်ထောင်စုတစ်စုလျှင် ဆီဝယ်စာအုပ်တစ်အုပ် ပြုလုပ်ပေးထားပြီး ရပ်ကွက်၊ ကျေးရွာများတွင် အလှည့်ကျစနစ်ဖြင့် ကျောက်ဆည်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းဝင် ဆီအရောင်းအဝယ်ဆိုင်များမှ ယနေ့နံနက်ပိုင်းက ရောင်းချပေးလျက်ရှိကြောင်းနှင့် ဆီဝယ်စာအုပ်တစ်အုပ်လျှင် စားအုန်းဆီနှစ်ပိဿာနှုန်းဖြင့် စားအုန်းဆီ ပိဿာ ၃၃၀ ရောင်းချပေးခဲ့သည်။

ထိုသို့ ရောင်းချပေးသော စားအုန်းဆီများကို Resources Group Trading Co.,Ltd. မှ သတ်မှတ်ရည်ညွှန်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၆၃၀၀ဖြင့် ဝယ်ယူခဲ့ပြီး ရောင်းဈေးတစ်ပိဿာလျှင် ငွေကျပ် ၇၄၀၀ နှုန်းဖြင့် ဆီအရောင်းဆိုင်ဖြစ်သည့် နေလသုခ-၂ စားသုံးဆီလက်လီလက်ကားရောင်းဝယ်ရေးဆိုင်မှ မင်းရပ်ရပ်ကွက်သို့ ရောင်းချပေးခဲ့ကြောင်း ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ သိရသည်။

စုစုအေး(ကျောက်ဆည်)

# မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းခွဲ(မန္တလေး)နှင့် China Resources Longdation Company အဖွဲ့ တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ထိပ်တန်းစီးပွားရေးလုပ်ငန်းစာရင်းဝင်နိုင်ငံတော်ပိုင် China Resources Longdation company ဥက္ကဋ္ဌ Mr.ZhangWei ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၃ ရက်က မန္တလေးသို့ ရောက်ရှိပြီး စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ချမ်းအေးသာစံမြို့နယ်ရှိ မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း(မန္တလေး)ရုံးခန်း၌ မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း(မန္တလေး)ဥက္ကဋ္ဌ ဦးကျော်မင်းနှင့် အမှုဆောင်များကို တွေ့ဆုံခဲ့သည်။



အခမ်းအနားတွင် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မန္တလေး)ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ China Resources Longdation Company ဥက္ကဋ္ဌ Mr.Zhang Weiu ကိုယ်စားလှယ် အဖွဲ့ဝင်ကိုးဦးနှင့် မိတ်ဆက်ပေးပြီး နှစ်နိုင်ငံချစ်ကြည်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြပြီး စုပေါင်းဓာတ်ပုံရိုက်ကြပြီး လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။ အခမ်းအနားသို့ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များလည်း တက်ရောက်ခဲ့ကြသည်။

(အပေါ်ပုံ)

(၀၄၅)

# ပိုးမွေးမြူခြင်း၊ ပိုးအဆင့်အလိုက် ပိုးစာရွက်ကျွေးခြင်းနည်းစနစ်များ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ကျင်းပ

**ပြင်ဦးလွင် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲ၊ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာနမှ ဦးစီးကျင်းပသော "ပိုးမွေးမြူခြင်း၊ ပိုးအဆင့်အလိုက် ပိုးစာရွက်ကျွေးခြင်းနည်းစနစ်များ" တောင်သူပညာပေးကွင်းသရုပ်ပြပွဲကို စက်တင်ဘာ ၄ရက်နံနက် ၉နာရီခွဲက ပိုးသုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန ပြင်ဦးလွင်မြို့တွင် ကျင်းပသည်။

အခမ်းအနားတွင် ပြင်ဦးလွင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အမှာစကားပြောကြားပြီး ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန ခြံတာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ အေးနွယ်ဝင်းက ကွင်းသရုပ်ပြပွဲကျင်းပရသည့် ရည်ရွယ်ချက် ပြောကြားခြင်းနှင့် "ပိုးမွေးမြူခြင်း၊ ပိုးအဆင့်အလိုက် ပိုးစာရွက်ကျွေးခြင်းနည်းစနစ်များ" အား Power Point ဖြင့် တင်ပြခဲ့သည်။



ထို့နောက် တက်ရောက်လာသော ဆရာ၊ ဆရာမများမှ မိမိတို့သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန ခြံတာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားကာ ပထမပိုင်းအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ဧည့်သည်တော်များအား "ပိုးမွေးမြူခြင်းနှင့် ပိုးအဆင့်အလိုက် ပိုးစာရွက်ကျွေးခြင်းနည်းစနစ်များ" လက်တွေ့ဆောင်ရွက်နေမှုများအား ကွင်းဆင်းသရုပ်ပြပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

သွေးသွေး(ခရိုင်ပြန်/ဆက်)

# မိုးရာသီဖလား ရပ်ကွက်၊ ကျေးရွာအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

**ပင်လုံ စက်တင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့၌ ၂၀၂၅ ခုနှစ် မိုးရာသီဖလား ရပ်ကွက်၊ ကျေးရွာအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီက ပင်လုံအားကစားကွင်းတွင် ကျင်းပခဲ့သည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း၌ နေရာယူပြီး အခမ်းအနားကို စတင်ဖွင့်လှစ်ကာ ပြိုင်ပွဲဝင်အသင်းများက ဘင်ခရာတပ်ဖွဲ့နှင့်အတူ တာဝန်ရှိသူများအား အလေးပြုခဲ့ကြပြီး မြို့စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရန်ပိုင်ဖြိုးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ဆက်လက်၍ စစ်ကြောင်းမှူးဦးဆောင်၍ ပြိုင်ပွဲဝင်အသင်းများက အားကစားအဓိဋ္ဌာန် ရွတ်ဆိုခြင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ခြင်း၊ အ.ထ.က (၂)ဘင်ခရာတပ်ဖွဲ့အား ဂုဏ်ပြုဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ထို့နောက် အ.ထ.က ၂ ကျောင်းမှ ကျောင်းသူလေးများက အကအလှဖြင့် ဖျော်ဖြေခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် ၁၁ သင်း ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ချယ်ရီမြေအသင်းနှင့် Best Friend အသင်းတို့ ပွဲဦးထွက်ယှဉ်ပြိုင်ကစားခဲ့ရာ Best Friend အသင်းက ချယ်ရီမြေအသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုကဲ့သို့ ဘောလုံးပြိုင်ပွဲပြုလုပ်ပေးခြင်းဖြင့် ပြိုင်ပွဲဝင်ကစားသမားများနှင့် ပင်လုံလူငယ်မောင်မယ်များ အချင်းချင်းချစ်ခင်ရင်းနှီးမှု ရရှိစေရန်၊ မြို့နယ်ကိုယ်စားပြုထူးချွန်ထက်မြက်သည့် လက်ရွေးစင်ကစားသမားပေါ်ထွက်လာစေရန်၊ ဘောလုံးအားကစားနည်းတိုးတက်ဖွံ့ဖြိုးမှုရရှိစေရန်၊ လူငယ်များ ဘောလုံးအားကစားနည်းကို စိတ်ပါဝင်စားလာစေရန်၊ မူးယစ်အန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

၀-၀-၀-၀-၀

# မန္တလေးနဲ့ ငလျင်(ဌာပနာအမွေအနှစ်များ-၉)

အထက်မြန်မာပြည် မန္တလေးမြို့မှာ အင်အားပြင်း ငလျင်ကြီး လှုပ်ခတ်ခဲ့တာ ငါးလပြည့်ပါပြီ။ ပျက်စီးမှုတွေကို စစ်ဆေးမှတ်တမ်းတင်ကာ တိုင်းတာပြီး ခန့်မှန်းကုန်ကျငွေတွက်ချက်တာတွေ၊ ပြင်ဆင်မှုကို အဆင့်သတ်မှတ်တာတွေကတော့ ပြီးသလောက်ရှိသွားပါပြီ။ ထို့ကြောင့် ပြင်ဆင်တဲ့ ဘုရား၊ စေတီတော်တွေလည်း စတင်ပြင်ဆင်နေကြပါပြီ။ မပြီးသေးတာက ကျွန်တော်တို့ သုတေသနအဖွဲ့ ပြိုပျက်တဲ့ ဘုရား၊စေတီတော်တွေကို ရှင်းလင်းဖယ်ရှားကြစဉ် ထွက်ပေါ်လာတဲ့ ဌာပနာအမွေအနှစ်တွေက မနည်းမနောဆိုတော့ စစ်ဆေးတာက မြန်ပေမယ့် ခေတ်ခွဲခြားတာကတော့ နည်းနည်းအချိန်ယူရတယ်။ သူက မှားသွားလို့မရဘူး။ နောက်ပြီး ပျက်စီးခဲ့တဲ့ ဘုရား၊စေတီတော်တွေရဲ့ ၉၀ ရာခိုင်နှုန်းဟာ တိကျခိုင်မာတဲ့ သမိုင်းမှတ်တမ်းမရှိဘူး၊ ရှိခဲ့ရင်လည်း မပြည့်စုံဘူး။ ရှေးရှေးက ကျွန်တော်တို့ ဘိုးဘေးများဟာ အကြောင်းအရာ အတော်များများကို စိတ်ထဲမှာ အလွတ်မှတ်ကြတာ များတယ်။ အသည်းအသက်ပမာ အရေးကြီးပါတယ်ဆိုတဲ့ ကျေးဇူးရှင် မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့တဲ့ ဓမ္မဒေသနာတော် ပိဋကတ်သုံးပုံကိုတောင် အလွတ်အာဂုံဆောင်ကြတာကိုး။ အခြားတိုင်းပြည်က ဗုဒ္ဓဘာသာဝင်တွေနဲ့ ဘုန်းတော်ကြီးတွေက အံ့သြတကြီး ဝေဖန်ကြတယ်။ တိုးတက်တဲ့ ယနေ့ခေတ်ကြီးမှာ စာအုပ်၊ စီဒီ၊ ကွန်ပျူတာတွေ အသုံးပြုလို့ရနေတာကို ဘာကြောင့် အလွတ်ကျက်မှတ်ရမှာတုန်း။ အဲ့ဒီလိုမေးကြတော့ မြန်မာနိုင်ငံက ဆရာတော်တွေက ကွန်ပျူတာ မသုံးတတ်ကြဘူးလားဆိုတော့ မြန်မာနိုင်ငံက ဆရာတော်တွေလည်း နည်းပညာနဲ့ပတ်သက်လာရင် မညံ့ကြပါဘူး။ ကျွမ်းကျင်စွာ သုံးစွဲတတ်ပါတယ်။ ဒါပေမဲ့ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားခဲ့တဲ့ တရားတော်ထဲကလို စာအုပ်ထဲ၊ စီဒီထဲ၊ ကွန်ပျူတာထဲရှိနေတာ ကိုယ့်ဟာ မဟုတ်ဘူးတဲ့။ အရေးဆို စာအုပ်ရှာဦး၊ ကွန်ပျူတာဖွင့်ဦး၊ မာတိကာထဲရှာဦး။ ပြီးမှ ကိုယ်သိချင်တဲ့ အခန်းရောက်တာ။ ဒါတောင် မီးပျက်နေရင် ကွန်ပျူတာရှိလည်း အလကားပဲ။ ဒါတွေကြောင့် ဗုဒ္ဓမြတ်စွာ ၄၅ ဝါလုံး ဟောကြားခဲ့တဲ့ များပြားလှစွာသော ဓမ္မတရားတော်တွေကို အလွတ်ရအောင် အာဂုံဆောင်ကြတာတဲ့။ "အာဂုံဆောင်မှ အာဂလူ"တဲ့၊ အာဂုံဆောင်ထားတဲ့အတွက် ကြိုက်တဲ့အချိန်၊ ကြိုက်တဲ့အကြောင်းအရာမေး ဒက်ခနဲ အဖြေရှိတယ်တဲ့။

ဒါပေမဲ့ ခေတ်ကပြောင်းလဲလာတယ်၊ လူတွေက အလွယ်လိုက်လာကြတယ်၊ အရင်ကလို အလွတ်ရအောင် အာဂုံမဆောင်ချင်ကြတော့ဘူး။ လုံ့လ၊ဝီရိယတွေ အားပျော့လာကြတယ်။ ဒီတော့ ဘာဖြစ်လဲ မေ့ကုန်ကြတယ်၊ မှတ်တမ်းတွေလည်း ပျောက်လာကြတယ်ပေါ့။ အခုလည်း ဘုရားသမိုင်းတွေဟာ တဖြည်းဖြည်း မူလသမိုင်းမပြောနဲ့ နောက်တိုးဖြည့်စွက်ထားတဲ့ ပြင်ဆင်မှုသမိုင်းတောင် ခပ်ဝါးဝါးရယ် ဖြစ်ကုန်ကြတယ်။ အာဂုံလည်း မဆောင်သလို မှတ်တမ်းကျတော့လည်း တိုးတက်တဲ့တိုင်းပြည်တွေလို စနစ်တကျနဲ့ သေသေချာချာ မသိမ်းဆည်း၊ မထိန်းသိမ်းနိုင်ကြတော့ သမိုင်းပျောက်ကုန်တော့တာပေါ့။ ဒီတော့ ကျွန်တော်တို့ ရှေးဟောင်းသုတေသနဌာနရဲ့ တာဝန်တစ်ရပ်အနေနဲ့ မူလသမိုင်းကြောင်းမှတ်တမ်းကိုလည်း မွှေနှောက်ရှာဖွေရသလို နောက်တိုးပြင်ဆင်တဲ့ မှတ်တမ်းကိုလည်းမြေပြင်တွေ့ အထောက်အထားများ အသုံးချလို့ ဖြည့်စွက်မှတ်တမ်းတင်နေကြရပါတယ်။အခုလည်း ငလျင်ကြီးအပြီး ဌာပနာအမွေအနှစ်များဆိုပြီး မှတ်တမ်းတင်ရင်း အချိန်နဲ့တစ်ပြေးညီ ပြည်သူကိုလည်း ပညာဗဟုသုတပေး ဆောင်းပါးများ ရေးသားတင်ပြလာခဲ့တာ အတော်များနေပါပြီ။ အခုလည်း အမရပူရမြို့နယ်အတွင်းက ငလျင်ကြောင့် ပြိုပျက်ခဲ့ရတဲ့ ဘုရား၊ စေတီတော်တွေထဲက ပေါ်ထွက်လာတဲ့ ထူးခြားတဲ့ ဌာပနာရုပ်တုလေးတွေအကြောင်း ဆက်လက်တင်ပြပါရစေ။ (၁၅-၇-၂၀၂၅)ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာမှာ မန္တလေးနဲ့ငလျင်(ဌာပနာအမွေအနှစ်များ-၂)ဆိုပြီး မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ တဲတော်ရာရပ်က ပေါင်းလဲကြီးဘုရားဝင်းအတွင်းမှာ တည်ရှိခဲ့တဲ့ စေတီအမှတ်(၉၀)ထဲက တွေ့ရှိလာတဲ့ ထူးခြားတဲ့ ယပ်ကိုင်ကြေးသွန်းဆင်းတုတော်အကြောင်း ဗဟုသုတအဖြစ်ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ တကယ်လည်း ထူးခြားပြီး ရှေးဟောင်းသုတေသနသမိုင်းမှာ တစ်ခါမှ မတွေ့ဘူးတဲ့ ယပ်ကိုင်ဆင်းတုတော်လည်း ဖြစ်ပါတယ်။ အဲ့ဒီယပ်ကိုင်ထားတဲ့ ဌာပနာကြေးဆင်းတုတော်မတိုင်မီက စစ်ကိုင်းတောင် တိလောကဂုရုလိုဏ်မှာ ရေးဆွဲထားတဲ့ နံရံဆေးရေးထဲမှာပဲ ယပ်ကိုင်ဘုရားရယ်လို့ တွေ့ဖူးခဲ့တာပါ။ နံရံဆေးရေးဆိုတော့ ဘုရားဆင်းတုတော်ဖြစ်ပေမယ့် ပန်းချီသဘောအရ နှဲ့နှောင်းမှုတော့ ပါတာပေါ့။ သို့သော် နံရံဆေးရေးနဲ့ ကြေးသွန်းဆင်းတုတော်မှာ ယပ်ကိုကိုင်ထားတဲ့ လက်ရဲ့ဟန်ကွာခြားပါတယ်။ ပန်းချီမှာ ဘယ်လက်တော်နဲ့ ကိုင်ထားပြီး ညာလက်တော်နဲ့ ယပ်အရိုးကို ဖေးမထားဟန်ရေးဆွဲထားပါတယ်။ ကြေးသွန်းဆင်းတုတော်မှာတော့ ယပ်ကို ဘယ်လက်တော်နဲ့ ရှာနမုဒြာဟန်ခံထားပြီး ညာလက်တော်နဲ့ ယပ်အရိုးကို ဆုပ်ကိုင်ထားပါတယ်။ အဲ့ဒီကြေးဆင်းတုတော်ကို ဌာပနာတိုက်ထဲက တွေ့ရစဉ်က ယပ်တောင်မပါဘူး။ ဒါပေမဲ့ ညာလက်က ဘယ်လက်ပေါ်မှာ တစ်စုံတစ်ခု ကိုင်ထားဟန်ကွေးနေလို့ သေချာရှာတော့မှ ယပ်တောင်ကို တွေ့ရတာပါ။ ကျွန်တော်တို့ နိုင်ငံမှာ ယပ်ကိုင်ဆင်းတုတော်က ဒါပထမဆုံးဆိုပေမယ့် ထိုင်းနိုင်ငံမှာတော့ အတော်များများ တွေ့ရပါတယ်။ ဒါပေမဲ့ အခုတွေ့တဲ့ မြန်မာ့ယပ်ကိုင် ဘုရားဟန်နဲ့ မတူပါဘူး။ အထူးသဖြင့် ကိုင်ထားတဲ့ ယပ်တောင်ရဲ့ပုံသဏ္ဌာန် ကွာခြားပါတယ်။









မြန်မာ့ယပ်တောင်က ထိပ်ဝိုင်းပြီး ပြန့်ပါတယ်။ ထိုင်းက ယပ်တောင်က ထိပ်ချွန်ပြီး အောက်ပိုင်းပါ ရှုံ့သွားပါတယ်။ ယပ်တောင်ကိုင်ထားပေမယ့် ဘုရားမျက်နှာတော်ကို မကွယ်ဘဲ ဖူးမြင်ရအောင် ယပ်တောင်အတွင်းမှာ ယပ်တောင်အနားအလိုက် အပေါ်ချွန်တဲ့ အပေါက်ဖောက်ထားပါတယ်။ နောက်ပြီး ထိုင်းနိုင်ငံက ယပ်ကိုင်ဆင်းတုတော်တွေမှာ ယပ်ကို ဘယ်လက်နဲ့ပဲ ကိုင်ထားတယ်လို့ လေ့လာသိရှိရပါတယ်။ ဒါက ထိုင်းနဲ့ မြန်မာ သိသိသာသာ ကွာခြားသွားတဲ့ အချက်တစ်ခုပါ။

အခု အမရပူရမြို့နယ်၊ ရွှေဂွမ်းထုတ်ရပ်ကွက်မှာ တည်ထားခဲ့ပြီး ငလျင်ကြောင့် ပြိုကျခဲ့တဲ့ ရွှေအိုးရ ဘုရား(မူလဘွဲ့တော်မဖြစ်နိုင်ပါ)ထဲက ထွက်လာတဲ့ ဌာပနာဆင်းတုတော်တွေထဲမှာ ယပ်ကိုင်ကြေးဆင်းတုတော်တစ်ဆူနဲ့ ငွေဆင်းတုတော်တွေ လေးဆူတွေ့ရပါတယ်။ စာရေးသူအနေနဲ့ ယပ်ကိုင်ဆင်းတုတော်တွေ လေ့လာချင်နေတာနဲ့ အတော်ပဲ ဖြစ်သွားခဲ့ပါတယ်။ အခုတွေ့ရတဲ့ ယပ်ကိုင်ငွေဆင်းတုတော်အားလုံးဟာ ထိုင်းဆင်းတုတော်တွေချည်း ဖြစ်နေတာကို ထူးခြားစွာတွေ့ရပါတယ်။ နောက်တစ်ခု ထူးခြားတာက ယပ်ကိုင်ဆင်းတုတော် အားလုံးနီးပါးဟာ မဏိတော်နဲ့ ဥဏှီသ ရောင်လျှံတော်မပါဘဲ ဦးပြည်းသက်သက်(ကတုံး) ဆင်းတုတော်တွေ ဖြစ်နေပြန်ပါတယ်။ ဦးပြည်းသက်သက်ဆိုတော့ ဘုရားဆင်းတုတော် ဟုတ်၊မဟုတ် ဆိုတာကို သီးသန့်ရေးသားပါဦးမယ်။ မြန်မာပြည်မှာတော့ ဦးပြည်းသက်သက် ဆင်းတုတော် အတော်ရှားပါတယ်။ ကျွန်တော့် သက်တမ်းတစ်လျှောက် ပုဂံက အာနန္ဒာဘုရားအတွင်း လိုဏ်ရဲ့အနောက်တောင်ထောင့်မှာ တစ်ဆူပဲ မှတ်မှတ်ရရ သတိထားမိထားပါတယ်။ အခုတွေ့ရတဲ့ ယပ်ကိုင်ငွေဆင်းတုတော်တွေဟာ (၁)ယပ်ကို ဘယ်လက်နဲ့သာ ကိုင်ထားတယ်။ ညာဘက်လက်ကတော့ တွေ့မြင်နေကျ ဘူမိဖဿမုဒြာဟန်ဖြစ်ပါတယ်။ (၂)ဦးပြည်းသက်သက်(ကတုံး) ဆင်းတုတော်ဖြစ်နေတယ်။ ဦးပြည်းသက်သက်ဆိုပေမယ့် ရဟန္တာဆင်းတုများလို ပြောင်နေတာမျိုးမဟုတ်ဘဲ လက်ယာရစ်ခွေ ဆံတော်လေးတွေ ပါဝင်နေပါတယ်။ တချို့ ဆင်းတုတော်ဆိုရင် ဆံတော်နဲ့ သင်းကျစ်တော် အပါအဝင် ထိပ်ပိုင်းကို သီးသန့်အနုစိတ် ပြုလုပ်ပြီးမှ စွပ်ထားတာပါ။ (၃)ဆင်းတုတော်ရဲ့ ပလ္လင်တော် နောက်ကျောဘက်မှာ ထိုင်းစာတွေ ရေးထားတာတွေ့ရတယ်။ စာတွေကိုတော့ သက်ဆိုင်ရာ ထိုင်းစာကျွမ်းကျင်တဲ့ နိုင်ငံခြားဘာသာ တက္ကသိုလ်က ဆရာတွေနဲ့ ပြသပြီး ဖတ်ကြားပေးဖို့ ပေးပို့ထားပါတယ်။ သူတို့ကလည်း အခုဆင်းတုတော် နောက်ကျောက စာတွေဟာ ရှေးအယုဒ္ဓယခေတ်က စာတွေပါနေလို့ အချိန်နည်းနည်း လိုပါတယ်တဲ့။ စာတွေရဲ့ အဓိပ္ပာယ်သိရရင် သီးသန့်ဆောင်းပါး ရေးသားမျှဝေပါဦးမယ်။ အဲ့ဒီယပ်ကိုင်ငွေဆင်းတုတော်တွေအထဲမှာ ကြေးသွန်းထားတဲ့ ကတုံးဆင်းတုတော် တစ်ဆူပါတယ်။ ဒါပေမဲ့ ကိုင်ထားတဲ့ ယပ်တောင်ကို မတွေ့ရသေးဘူး။ အခုမှတော့ တွေ့ဖို့လည်း မလွယ်တော့ပါဘူး။ ဘယ်လက်တော်မှာ လက်ချောင်းလေးတွေကို တစ်စုံတစ်ခု ကိုင်ထားဟန် ကွေးပြီး ကွင်းပုံသဏ္ဌာန် ဖြစ်နေလို့ ယပ်ကိုင်ဆင်းတုဖြစ်မယ်လို့ ပြောတာပါ။ သူနဲ့အတူ ယပ်ကိုင်ထားတဲ့ ငွေဆင်းတုတော် လေးဆူတွေ့ရလို့ သူ့ကိုလည်း ယပ်ကိုင်ဆင်းတုတော်လို့ တစ်ထစ်ချ ပြောရခြင်း ဖြစ်ပါတယ်။ ထပ်ပြီး တွေ့ရှိချက်ကို ရေးရရင် ကြေးနဲ့သွန်းလောင်းထားတဲ့ ယပ်ကိုင်ကတုံးဆင်းတုတော်ဟာ အခြားသော ယပ်ကိုင်ငွေဆင်းတုတော်များထက် သက်တမ်းပိုပြီး စောတယ်လို့ ခန့်မှန်းရပါတယ်။ ကြေးသွန်းယပ်ကိုင်ကတုံးဆင်းတုတော်က ကုန်းဘောင်ခေတ်ဦး လက်ရာဖြစ်ပြီး အခြားယပ်ကိုင် ငွေဆင်းတုတော်တွေကတော့ အမရပူရခေတ်နှောင်းလက်ရာများ ဖြစ်မယ်လို့ သုံးသပ်ရပါတယ်။ ငွေဆင်းတုတော်တစ်ဆူမှာတော့ ကိုင်ထားတဲ့ ယပ်က ကျိုးနေပြီး ဆင်းတုတော်မှာ အရိုးကိုပဲ မလွှတ်တမ်းဆုပ်ကိုင်ထားတာ တွေ့ရပြန်ပါတယ်။ နောက်ပြီး ကိုင်ထားတဲ့ ယပ်တောင်များရဲ့ ပုံသဏ္ဌာန်ကလည်း တစ်ဆူနဲ့ တစ်ဆူ မတူပြန်ပါဘူး။ ယပ်တောင်များဟာ အများအားဖြင့် မြန်မာ့ဟန်ထိပ်ဝိုင်းပုံများ ဖြစ်ကြပါတယ်။ အဲ့ဒီအထဲက ငွေဆင်းတုတော်တစ်ဆူမှာတော့ ယနေ့ထိုင်းမှာ တွေ့ရတဲ့ ထိပ်ချွန်ယပ်တောင်ပုံစံဖြစ်ပြီး မူလက ရတနာလေးလုံး စီခြယ်လှူဒါန်းခဲ့ပါတယ်။ သို့သော် ရတနာတွေကတော့ သူတို့လာရာ ဘူမိမြေလွှာထဲ ပြန်သွားကြလို့လား၊ ဒါမှမဟုတ် ပျောက်ဆုံးကုန်တာလား ဆိုတာတော့ မသိရပါ။ ယပ်တောင်မှာ ရတနာတွေကို ထိန်းတဲ့ စွန်ကုပ်လေးတွေပဲ အမှတ်တရ ကျန်ရစ်တာကိုလည်း တွေ့ရပြန်ပါတယ်။ ထိုင်းမှာတွေ့ရတဲ့ ယပ်ကိုင်ဆင်းတုတော်မှာ ဘုရားရှင်ရဲ့ မျက်နှာတော် ဖူးတွေ့ရအောင်လို့ ယပ်တောင်ရဲ့ အလယ်မှာ အပေါက်ကျယ်တစ်ခု ပါရှိနေပေမယ့် အခုတွေ့ရတဲ့ ဌာပနာဆင်းတုတော်ရဲ့ ယပ်တောင်မှာတော့ အပေါက်မပါခဲ့ပါဘူး။ ယပ်တောင်ပုံစံကတော့ ထိပ်ချွန်တြာပီဇီယံပုံစံမျိုးပါ။ ကျန်တဲ့ ယပ်တောင်တွေကတော့ ရိုးရိုးထန်းရွက်ယပ်တောင်ပုံစံပါပဲ။ အဲ့ဒီအထဲက ငွေဆင်းတုတော်တစ်ဆူမှာ တွေ့မြင်နေကျ ခြေချိတ်ထိုင်လျက် ပလ္လင်္ကာသနပုံစံမျိုးမဟုတ်ဘဲ ခြေထပ်ထိုင်ထားတဲ့ ပုံစံဖြစ်နေတာကိုလည်း တွေ့ရပြန်ပါသေးတယ်။ အဲ့ဒါကတော့ ခေတ်နဲ့မဆိုင်ဘဲ ထုလုပ်တဲ့ ပညာသည်ရဲ့သဘော ဒါမှမဟုတ် အလှူရှင်ရဲ့ ဆန္ဒဖြစ်မယ်လို့ပဲ သုံးသပ်ရပါတယ်။

**ရည်ညွှန်း - ကွင်းဆင်းလေ့လာတွေ့ရှိချက်များ**

ရက္ခိတ(ရေး/သု)

## စာပေချစ်သူများဖြင့် စာဖတ်ဝိုင်း ကျင်းပ

**နတ်မောက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လူထုအခြေပြု ဗဟိုဌာန (Community Centre) အစည်းအဝေးခန်းမတွင် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူ Book Club နှင့်ပူးပေါင်း၍ ဆရာကျော်ကျော်လှိုင် ရေးသားသည့် 'အောင်မြင်မှုအတွေ့အကြုံများ' စာအုပ်ဖြင့် စာဖတ်ဝိုင်း ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ယနေ့လူငယ်၊ နောင်ဝယ်လူကြီး ဆိုသည့်စကားအတိုင်း ယနေ့လူငယ်လေးများသည် နောင်အနာဂတ်၏ ခေါင်းဆောင်များဟုဆိုလျှင် မှန်မည်ဖြစ်ပါကြောင်း၊ အနာဂတ်ခေါင်းဆောင်များဖြစ်မည့် လူငယ်များအနေဖြင့် မမှားသင့်သည်ကို မမှားရအောင် သိလွယ်၊ နားလည်လွယ်၊ သဘောပေါက်လွယ်သော ခေတ်စကား၊ ခေတ်အသုံးတို့ဖြင့် ဆုံးမစာများကို လေ့လာစေချင်ပါကြောင်း၊ စိတ်သည် အစဉ်မကောင်းမှု၌သာ မွေ့လျော်တတ်သောကြောင့် စိတ်တည်းဟူသော ဆင်ရိုင်းကို ချွန်းတည်းဟူသော ဆုံးမစာများ၊ ဆုံးမစကားများဖြင့်သာ အစဉ်ထိန်းချုပ်ပေးသင့်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဒေါ်သင်းသင်းဆွေ (ဒု-ဦးစီးမှူး)က 'အောင်မြင်မှုအတွေ့အကြုံများ' ခေါင်းစဉ်ထဲမှ လူငယ်ဆိုတာ တက်ကြွလန်းဆန်းပြီး အားအင်အပြည့်ဖြင့် အသက်မွေးဝမ်းကျောင်း အလုပ်တွေကို လုပ်ကြရမည်ဖြစ်ပါကြောင်း၊ အပြုသဘောစိတ်ဓာတ် ဆိုတာဘာလဲ၊ ဘာလုပ်ရမည်လဲ လို့မေးရင် ကိုယ့်လက်ရှိ အခြေအနေကို အကောင်းဆုံးလုပ်တာဖြစ်ပါတယ်။ ဘယ်အလုပ်ပဲဖြစ်ဖြစ် ကိုယ်လုပ်နေတဲ့အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင် လုပ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရှိဖို့လိုပါတယ်။ ဒါကြောင့် လူငယ်များကလည်း မိဘဆရာများ လမ်းဖွင့်ပေးထားသည့်အတိုင်း အောင်မြင်မှုဆုလာဘ်ကို ဆွတ်ခူးနိုင်အောင် မိမိတို့နှစ်သက်သည့် အသက်မွေးဝမ်းကျောင်းပညာရပ်များကို ကြိုးစားလေ့လာသင်ယူရမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အဆိုပါ စာဖတ်ဝိုင်းသို့ Book Club လူငယ်များ၊ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) မူမူစန်း**



## အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ



**နမ့်စန် စက်တင်ဘာ ၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်တွင် စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ (International Day of Clean Air For Blue Skies) အထိမ်းအမှတ်အသိပညာပေး ဟောပြောပွဲကို စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (နမ့်စန်) သရဖီခန်းမတွင် ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်မွန်မြင့်နှင့် ဆရာ၊ ဆရာမများ၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၂၃၀ ဦးခန့် တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ အ.ထ.က(နမ့်စန်)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မွန်မွန်မြင့်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် လွိုင်လင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူနိုင်က အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ဖြစ်ပေါ်လာပုံ၊ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသော လေထုနေ့ ဆောင်ပုဒ်၊ လေထုနှင့် လေထုညစ်ညမ်းမှု အဓိပ္ပာယ်၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့်အကြောင်းအရင်းများ၊ လေထုညစ်ညမ်းမှုကိုဖြစ်ပေါ်စေသော ပစ္စည်းများနှင့် လေထုညစ်ညမ်းမှုကို ကာကွယ်သောနည်းလမ်းများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် လွိုင်လင်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေး၍ အပြည်ပြည်ဆိုင်ရာသန့်ရှင်းသော လေထုနေ့နှင့် ပတ်သက်သော မေးခွန်းများ မေးမြန်းကာ ဖြေဆိုနိုင်သော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**


ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့သစ်


### ဂရုဓမ္မအခါတော်နေ့ တော်သလင်းလပြည့်

* ကောင်းကင်တာရာ ဖျိုင်းခြုံလွှမ်းလို့
နက္ခတ်စန်း ဘဒြပိုဒ်ပါ ။
သမီးကညာ ရာသီရပ်
စောင့်ချုပ်ပေးတာ ။
အချိန်ခါမီကွယ့် ပန်းရင်းမှာ
ရွက်ဖတ်လွှာ ပွင့်ဝေခင်း ။
ရပ်ရှစ်ခွင် ဝတ်ရည်ဖြန့်လို့ရယ်
မွေးပျံ့ကြိုင်သင်း ။
* ကန်ရာသီခေါ် တော်သလင်း
ကောင်းမြတ်ခြင်း လပါလေ ။
ချောင်း၊ ကန်တို့တွင် လှေလှော်ပွဲ
ဆင်နွှဲပျော်နေ ။
ဓမ္မတေးတို့ စည်သံဝေ
ကြားရပေ စိတ်ရွှင်ပျ ။
ဝသန်အခါ မိုးရေစက်တို့ရယ်
ဖျန်းပက်အေးမြ ။
* ဥပုသ်သီလ ဆောက်တည်ကြလို့
မေတ္တာမျှ ကောင်းမှုတည် ။
အစဉ်မပြတ် ကုသိုလ်ပြု
တောင်းဆုမှန်းရည် ။
သံသရာအတွက် ကောင်းလမ်းဆီ
တက်လှမ်းချီ ရွှင်ပြုံးမြူး ။
ဂရုဓမ္မအခါတော်နေ့ရယ်က
မြတ်သောနေ့ထူး ။ ။

**မင်းမြတ်မိုး(မန်းမြေ)**




## ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျောက်ဆည် စက်တင်ဘာ ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသားလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ဆည်)တွင် ကျင်းပသည်။

လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(ကျောက်ဆည်)မှ ကျောင်းအုပ်ဆရာမကြီးဒေါက်တာမျိုးသူက အမှာစကားပြောကြားခဲ့ပြီး ကျောက်ဆည်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာ ကိုရွှေအောင်သင်းက 'လူငယ်နှင့်အနာဂတ်နိုင်ငံတော်' ခေါင်းစဉ်ဖြင့် အသိပညာပေးအကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများနှင့် အပြန်အလှန်ဆွေးနွေး၍ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**(၄၈၅)**

၀-၀-၀-၀-၀-၀-၀-၀




ရေနွတ်မြောင်းအတွင်း
စည်းကမ်းမဲ့ အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။

# မလွန်ဈေးဆန်လှူအသင်းကြီး (၁၂၉)နှစ်မြောက် မဟာသံဃိကတတ္တုလဒါန ဆွမ်းဆန်တော်အလှူရေစက်ချပွဲ ကျင်းပ



**မန္တလေး စက်တင်ဘာ ၅**

မလွန်ဈေးဆန်လှူအသင်းကြီး၏ (၁၂၉)နှစ်မြောက် မဟာသံဃိကတတ္တုလဒါန ဆွမ်းဆန်တော်အလှူရေစက်ချပွဲ အခမ်းအနားကို စက်တင်ဘာ ၂ ရက် နံနက် ၉ နာရီက ၃၂လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရပ်ရှိ မလွန်ဈေးဆန်လှူအသင်းကြီး၌ ကျင်းပရာ စစ်ကိုင်းတောင်ရိုး ရတနာဓုဝံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိက၊ စစ်ကိုင်းတောင်ရိုး ဇိနောဒယဆရာတော်ကြီး ဘဒ္ဒန္တကာရဏိက၊ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒေါက်တာဘဒ္ဒန္တဉာဏိဿရာစရိယနှင့် ပင့်သံဃာအပါး ၆၀ ကြွရောက်တော်မူကြသည်။ (ဝဲပုံ)

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကြသည်။ ဆက်လက်၍ မလွန်ဈေးဆန်လှူအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်း၊ အတွင်းရေးမှူး ဦးကြည်ဝင်းနှင့် အဖွဲ့ဝင်များ မြို့နယ်အသင်းထောက်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စစ်ကိုင်းတောင်ရိုး ရတနာဓုဝံဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ယင်းနောက် မလွန်ဈေးဆန် လှူအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ဆွမ်းဆန်တော်ရရှိမှုနှင့် လှူဒါန်းမှုအစုစုတို့ကို လျှောက်ထားကြသည်။

ထို့နောက် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ လှူဒါန်းကြပြီး မြို့နယ်အသင်းထောက်များ၏ လှူဒါန်းမှုများအတွက် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ထို့နောက် စစ်ကိုင်းတောင်ရိုးသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဒေါက်တာဘဒ္ဒန္တဉာဏိဿရာစရိယထံမှ ရေစက်ချတရားနာယူကြည်ညိုကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ဝ၉၁)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ သာသနာ့ဝေပုလ္လကျောင်း၊ ကျီကွဲကျောင်းတိုက်မှ ဘဒ္ဒန္တဝိမလနှင့် ဒါယကာ၊ ဒါယိကာမများက စုပေါင်း၍ (၂၂)ကြိမ်မြောက်အဖြစ် ငွေကျပ် ၃၀၅၀၀၀ကို ဩဂုတ် ၃၁ရက် မွန်းလွဲ ၂ နာရီက လှူဒါန်းရာ ကျောက်ကပ်ဆရာဝန်ကြီး ဦးညွန့်သန်းက လက်ခံရယူစဉ်။ (ဝ၄ဝ)

# မွေးကင်းစမှ အသက်တစ်နှစ်ခွဲထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**သရက် စက်တင်ဘာ ၅**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ယနေ့ နံနက် ၉ နာရီက ပြည်တော်အေးရပ်ကွက်၊ ဆင်ဖြူတော်ဘုရားကြီးမွှာရုံတွင် မြို့ပေါ်(၈)ရပ်ကွက်မှ မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေး ထိုးနှံပေးရာတွင်မွေးကင်းစမှ အသက် တစ်နှစ်ခွဲအထိ ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးရာတွင် အသက်နှစ်လ ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ပထမအကြိမ်)၊ လေးလအရွယ်ကလေးငယ်များကို ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်၊ အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ဒုတိယ)အကြိမ်၊ ခြောက်လမှာ (တတိယအကြိမ်) ထိုးနှံရပြီး အသက် ကိုးလမှာ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်၊ ဂျိုက်သိုး (ပထမ)အကြိမ်နှင့် အသက်တစ်နှစ်(ခွဲ)မှာ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်၊ အသားဝါ(ဘီ)ဦးနှောက်အမြေးရောင် (ငါးမျိုးစပ်)ကာကွယ်ဆေးများကို စတုတ္ထအကြိမ်နှင့် ဝက်သက်-ဂျိုက်သိုး ကာကွယ်ဆေးများကို ဒုတိယအကြိမ်ထိုးနှံ ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



# အကြိမ်(၁၃၀)မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး စက်တင်ဘာ ၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မဟာမြိုင်စည်ပင်ဝန်ထမ်းအိမ်ရာ၊ ၃၆လမ်း၊ ၆၈လမ်းနှင့် လမ်း၇၀ကြားတွင် နေထိုင်သည့်ဝန်ထမ်း မိသားစုများမှ စုပေါင်း၍ အပတ်စဉ် (တနင်္ဂနွေနေ့)တိုင်း လေးပြင်လေးရပ်မှ ကြွရောက်အလှူခံတော်မူကြသော ဆရာတော်၊ သံဃာတော်များအား ဘုံဆွမ်းလောင်းလှူကုသိုလ်ပြုကြသည်။

ဘုံဆွမ်းလောင်းလှူရာတွင် ဝန်ထမ်းမိသားစုဝင်များက ဆွမ်းအလှူရှင် နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသုမ လှူဒါန်းမှုဖြင့် လေးပြင်လေးရပ်မှ ကြွရောက်တော်မူကြသော သံဃာတော်များအား ယနေ့ နံနက်ပိုင်းက (၁၃၀)ကြိမ်မြောက်အဖြစ် ဆွမ်း၊ ကြက်သားကုလားပဲချက်၊ ပဲတီချဉ်သုပ်တို့ကို ၃၆လမ်းနှင့် ၆၉လမ်းထောင့်တွင် ပြင်ဆင်၍ ကြွရောက်လာကြသော သံဃာတော် ၂၀၀ ကျော်တို့အား နံနက် ၅နာရီခွဲမှစတင်၍ လောင်းလှူခဲ့ကြပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆက်လက်လောင်းလှူကြမည်ဖြစ်၍ လေးပြင်လေးရပ်မှ သံဃာတော်များအား ကြွရောက်အလှူခံနိုင်ပါရန် ပင့်ဖိတ်ထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၃)

*-*- *-*-*-*

# ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်းနှင့် မိဘမဲ့ကလေးများ၊ နံနက်စာအာဟာရ လှူဒါန်း

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြောက်ဥယျာဉ်ရပ်ကွက်၊ ရန်အောင်မင်္ဂလာလမ်း တံခွန်တိုင်ဈေးအရှေ့ဘက်လမ်းကြား ခန္ဓောတိုက် မဏိရတနာကျောင်းအတွင်းရှိ YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် စက်တင်ဘာ ၁ ရက် နံနက်ပိုင်းက သံဃာတော်များ ဆွမ်းဆက်ကပ်ခြင်း၊ မိဘမဲ့ကလေးများအား အာဟာရဒါန ကျွေးမွေးလှူဒါန်းခဲ့သည်။

နံနက်စာ အာဟာရဒါနလှူဒါန်းရာတွင် ပုသိမ်ကြီးမြို့နယ်၊ ရွာရှည်ကျေးရွာနေ ဦးပြည့်ဖြိုးဇော်+ဒေါ်သီတာထူး၊ (သား)မောင်သန့်တေဇာအောင် (၇)နှစ်ပြည့် မွေးနေ့အလှူအဖြစ် YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းရှိ သံဃာတော်များအား ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း ပရဟိတမိဘမဲ့ကျောင်းမှ ကလေး ၅၀၀ ကျော်အား နံနက်စာအာဟာရဒါန ကုသိုလ်ပြု လှူဒါန်းကြသည်။

YEC ရတနာပန်းခင်း ပရဟိတမိဘမဲ့ကျောင်းတွင် ပညာရေး ချို့တဲ့သော တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မိဘမဲ့ကလေးများ ၅၀၀ ကျော်အား ထိန်းသိမ်းစောင့်ရှောက်ထားရာ အာဟာရဒါန ကုသိုလ်ပြုလိုလျှင် နံနက်စာငွေကျပ် ၂၅၀၀၀၀၊ နေ့လယ်စာ ငွေကျပ် ၃၅၀၀၀၀၊ အဆာပြေစာငွေကျပ် ၃၀၀၀၀၀၊ ညနေစာငွေကျပ် ၂၅၀၀၀၀ နှုန်းများဖြင့် ဖုန်း ၀၉-၂၅၆၅၀၀၂၀၀၊ ၀၉-၇၇၅ ၅၄၄၂၅၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ပုံ)

(ဝ၇ဝ)

*- *-*-*-*-*



# စတုတ္ထအကြိမ်မြောက် ရေးသူဖတ်သူဆွေးနွေးပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၅**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန(Community -Centre)တွင် စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက စတုတ္ထအကြိမ်မြောက် စာပေမြတ်နိုးသူ စာပေဝါသနာရှင်တို့က ရေးသူဖတ်သူဆွေးနွေးပွဲကို ကျင်းပခဲ့သည်။ (အောက်ယာပုံ)

အခမ်းအနားအစီအစဉ်ကို စာရေးဆရာ စိုင်းအောင်မိန်းက ဖတ်ကြားပြီး အခမ်းအနားသို့ မြို့နယ်အသီးသီးမှ တက်ရောက်ကြသည့် စာရေးဆရာ၊ ဆရာမကြီးတို့က တစ်ဦးချင်း မိတ်ဆက်ကြသည်။ ၎င်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာမကြီး ဒေါ်တင်မမခိုင်(အမျိုးသားစာပေဆုရှင်)က ၎င်းရေးသားခဲ့သည့် မန္တလေးမြို့ပေါ်ရှိ ရွှေမုဋ္ဌောဘုရားကိုးဆူတို့အကြောင်း စာတမ်းကို ဖတ်ကြားဆွေးနွေးသည်။ ထို့နောက် ဆရာဦးစံထွန်း(ဗုဒ္ဓစာပေ)က ၎င်း ကိုးဆူတွင် ပါရှိသည့် သမိုင်းဝင်ဆုတောင်းပြည့် ချမ်းသာရဘုရားကြီးသမိုင်း အတိုချုပ်ဆွေးနွေးပြီး တက်ရောက်ခဲ့ကြသည့် စာပေဝါသနာရှင်များက တစ်ဦးချင်းမေးဖြေခဲ့ကြပြီး အခမ်းအနားအစီအစဉ်ပထမပိုင်း ပြီးစီးခဲ့သည်။

ဒုတိယအစီအစဉ်တွင် ဘုရားသမိုင်းကို စိတ်ဝင်စားသည့် ဘဒ္ဒန္တဓမ္မသေန ဝိသုဒ္ဓမ္မကျောင်း ဆရာတော်နှင့် ဆရာတော်တစ်ပါးတို့က ပါဝင်ဆွေးနွေးအားဖြည့်ကြပါသည်။ ထို့နောက် ချမ်းအေးသာစံမြို့နယ် အသင်းဝင်စာရေးဆရာမ နုနုကြည်(အမေ့အိမ်)က တက်ရောက်လာသည့် ဆရာတော်နှင့် စာပေဝါသနာရှင် စာရေးဆရာများအား ကျေးဇူးတင်စကားပြော၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(ကဆ)

*-*- *-*-*-*



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၂)၊ ဦးပိုင်နံပါတ်(၅၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒဿမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဒေါ်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်အေးအေးမြင့်(ဘ)ဦးဟုတ်တုံ(၉/မရမ(နိုင်)၀၇၇၄၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၅၀)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒဿမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးမျိုးမင်းထွန်း အမည်ပေါက် ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ပေ(၂၀×၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝေယံဇော်(ဘ)ဦးချစ်လွင်(၉/ပကခ(နိုင်)၀၂၁၆၃၂) [၎င်း၏ ကိုယ်စား ဦးကံစိန်(ဘ)ဦးအေးလွင်(၅/ငဇန(နိုင်)၀၄၈၀၃၁)]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၆)၊ ဦးပိုင်နံပါတ်(၃၃-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒဿမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမောင်ကြိုင်(ဘ)ဦးကျော်ခွေး(၉/ပသက(နိုင်)၀၁၃၀၆၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၁၁) မြေကွက်ပေါ်တွင် ဒေါ်စုစုကျော်(ပါ-၃) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁/ဗမန(နိုင်)၀၀၃၄၄၂)က SS(၂)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၂)၊ ဦးပိုင်အမှတ်(၁၅) မြေကွက်ပေါ်တွင် ဦးတင်အေး (ပါ-၂) နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မရတ(နိုင်)၀၅၄၈၇၁)က RC(၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## ကြော်ငြာစာ (အိမ်ဆောက်မိန့်)

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၂)၊ဦးပိုင်အမှတ်(၈၂) မြေကွက်ပေါ်တွင် ဒေါ်နှင်းနွယ် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/ပလတ(နိုင်)၀၁၅၉၅၃)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး**
**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၃)၊ ဦးပိုင်အမှတ်(၅၀)၊ ဧရိယာ ပေ(၄၀×၆၀) အကျယ်အဝန်းရှိ ဦးအောင်လင်း အမည်ပေါက် ဂရန်မြေကွက်၏ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ် တစ်လုံးအပါအဝင် ရေ+မီး ဆက်လက်သုံးစွဲပိုင်ခွင့်နှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိက မူလဂရန်အမည်ပေါက်သူ ဦးအောင်လင်း ထံမှတစ်ဆင့် အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသော ဂရန်မြေကွက်ဖြစ်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူ ဒေါ်သန်းကြည်(ဘ)ဦးစံရင်(၉/မနတ(နိုင်)၀၄၉၄၀၉)ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၂၆၆)**
**၃၉(E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အနိပ်တော်ရပ်ကွက်၊ အကွက်အမှတ်(၁၂/က)၊ ဦးပိုင်အမှတ်(၈၁/က-ခ)၊ ဧရိယာ အရှေ့-အနောက် ၄၂ ပေ၊ တောင်-မြောက် ပေ ၃၀ = ပေ(၄၂×၃၀) ဝင်းခြံခတ်ပြီး အရှိအတိုင်း အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အိမ် တစ်လုံးအပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ မိမိတို့က အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဖြစ်ပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်များ အပြည့်အဝရှိပါကြောင်း အဆိုပြုရောင်းချသူများဖြစ်ကြသော ဦးမောင်ဝင်း(ဘ)ဦးဘတင်(၉/မနမ(နိုင်)၀၉၆၂၉၆)နှင့် ဒေါ်ခင်နွဲ့ဝင်း(ဘ)ဦးချစ်စိန်(၉/မနမ(နိုင်)၀၉၆၈၅၄)တို့ထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်ချစ်စိန် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၉၂၆၆)**
**၃၉(E)လမ်း၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၄၀၉၉၇၇၈၈၊ ၀၉-၉၇၂၉၀၇၇၈၈၊ ၀၉-၄၃၁၁၅၅၂၈**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၈၉)၊ ဦးပိုင်နံပါတ်(၅၀)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒဿမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀)အကျယ်အဝန်းရှိ ဦးမြင့်စိုး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အလယ်ခြမ်း ပေ(၂၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးရဲဝင်းလင်း(ဘ)ဦးအောင်ဝင်း(၉/နထက(နိုင်)၁၃၁၆၇၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** | **ဦးတင်အောင်မိုး (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဒေါ်အိအိမွန် (LL.B, LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)**<br>**တရားလွှတ်တော်ရှေ့နေ** | **ဦးကြည်ယံ (LL.M)**<br>**အထက်တန်းရှေ့နေ** | **ဦးစည်သူအောင် (LL.B)**<br>**အထက်တန်းရှေ့နေ** | **ဒေါ်သဲမိုးမိုးထွန်း (LL.B)**<br>**အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ရှာတောနေ ဒေါ်သင်းသင်း(ဘ)ဦးညွန့်တင်(၁၂/အစန(နိုင်)၀၅၁၂၅၈)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်း(၁၂/အစန(နိုင်)၀၅၁၂၅၈)၏သားဖြစ်သည့် မောင်ညီညီထွန်း(၁၂/အစန(နိုင်)၂၃၅၀၀၄)သည် မိဘ၏ဆိုဆုံးမမှုကို နားမထောင်သည့်အပြင် ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များအား အကြိမ်ကြိမ်ပြုလုပ်ပြီး မိဘအား စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်နေပါသဖြင့် ၎င်းအား ယနေ့သတင်းစာကြေညာပါသည့်ရက်မှစ၍ သား၊သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးတို့ကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**
**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိနိုင်(LL.B) အထက်တန်းရှေ့နေ (စဥ်–၅၄၅၆၄)**
**၁လမ်း၊ ၇၆လမ်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၉၈၅၈၂၃၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ ၆၉(စီ)လမ်း၊ ၁၁၀(အေ)လမ်းနှင့် ၁၁၁လမ်းကြားနေ (ဘ) ဦးထိန်ဝင်း၏ သားဖြစ်သူ မောင်ကျော်ဇင်ထွဋ်(၁/မညန(နိုင်)၁၅၀၅၉၅)မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်တော်၏ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ဝိဇ္ဇာဘွဲ့လက်မှတ်တို့တွင် အမည်မှာ မောင်ကျော်ဇင်ထွဋ် ဟုလည်းကောင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်မှာ (၁/မညန(နိုင်)၁၅၀၅၉၅)ဟုလည်းကောင်း ဖော်ပြထားပါသည်။ ကျွန်တော်၏အမည်မှာ မောင်ကျော်ဇင်ထွဋ် အမှန်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်အမှန်မှာ (၁/မညန(နိုင်)၁၅၀၅၉၅) အမှန်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်ကျော်ဇင်ထွဋ်**
**(၁/မညန(နိုင်)၁၅၀၅၉၅)**
**၆၉(စီ)လမ်း၊ ၁၁၀(အေ)လမ်းနှင့် ၁၁၁လမ်းကြား၊**
**မြို့သစ်(၅)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၉၁၀၃၃၃၉၇**

❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေး၏ အခြေခံလိုအပ်ချက်မှာ ပညာတတ်များ ပေါ်ကြွယ်ဝခြင်းပင်ဖြစ်ပါသည်။ သို့ဖြစ်ပေရာ အသိပညာ၊ အတတ်ပညာပြည့်စုံသော လူသားအရင်းအမြစ်များ ပျိုးထောင်နိုင်ရေးအတွက် လူတိုင်းအနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်ရန် မသင်မနေရ ပညာရေးစနစ်ကို အကောင်အထည်ဖော်လျက်ရှိပါသည်။ KG+9 တက်ရောက်အောင်မြင်ပြီးပါက အခြေခံပညာ စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက သက်ဆိုင်ရာတက္ကသိုလ်၊ ကောလိပ်များသို့ ဆက်လက်တက်ရောက်ပညာသင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော် ချွေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကျင်းပ

နေပြည်တော် စက်တင်ဘာ ၅

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၂/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပရာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်၊ နေပြည်တော်ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "လွတ်လပ်ပြီး တရားမျှတမှု အပြည့်ရှိသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပပေးပြီး ထွက်ပေါ်လာသည့် အစိုးရကို နိုင်ငံတော် တာဝန်များအား လွှဲပြောင်းပေးအပ်နိုင်ရေး၊ မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး၊ လုံခြုံမှုအပြည့်အဝရှိသော ရွေးကောက်ပွဲဖြစ်စေရေး"စသည်တို့ကို တာဝန်ရှိသူအဆင့်ဆင့်က အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အဆင့်လိုက် ကျင်းပပြုလုပ်ပေးမည်ဖြစ်ကြောင်းနှင့် လွှတ်တော်အသီးသီး အတွက် မဲဆန္ဒနယ်များအား သတ်မှတ်ကြေညာခဲ့ပြီး"ဖြစ်သဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီ အဆင့်ဆင့်အနေဖြင့် ဥပဒေနှင့်အညီ အပ်နှင်းထားသည့် လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို သိရှိနားလည်ပြီး လုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို အထူးအလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များ ပျက်ပြားစေရန် အွန်လိုင်းမီဒီယာများပေါ်၌ ရေးသားဖြန့်ဝေခဲ့သူများကို ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂ ရက်အထိ "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု သုံးမှုရှိခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီများအနေဖြင့် ရွေးကောက်ပွဲလုံခြုံရေးကို ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများကို အွန်လိုင်းမီဒီယာ အသုံးပြု ကျူးလွန်နေသူများအား စုံစမ်းဖော်ထုတ်အရေးယူသွားရန် လိုအပ်ကြောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ကာလများအလိုက် လုံခြုံရေးကျိုးပေါက်မှုမရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မှုခင်းကျဆင်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများအနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရွေးကောက်ပွဲ လုံခြုံရေးအတွက် လျာထားအစီအမံများကို ရှင်းလင်းတင်ပြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ ကိုယ်စားလှယ်က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

## အိမ်ကွင်းတွင် ရန်ကုန်စီးတီးအမျိုးသမီးအသင်းအား ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်း၏ Myanmar Women League ပွဲစဉ်(၅) အဖြစ် ရန်ကုန်စီးတီးအမျိုးသမီးအသင်းနှင့် အိမ်ကွင်း YUSCတွင် စက်တင်ဘာ ၅ ရက်က ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းက ငါးဂိုး၊ နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ရန်ကုန်စီးတီးအမျိုးသမီးအသင်းအား တိုက်စစ်ဆင်မှုများစွာ ပြုလုပ်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၂ မိနစ်တွင် ဆွေမာအောင်၊ ပထမပိုင်းပြီးခါနီး နာကျင်အချိန်ပိုတွင် ဇင်မိုးပြည့်တို့က သွင်းယူပေးခဲ့ကြပြီး ပထမပိုင်းတွင် နှစ်ဂိုး၊ ဂိုးမရှိဖြင့် ဦးဆောင်ထားနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်စလုံး အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများပြုလုပ်ခဲ့ကြပြီး ပွဲချိန် ၄၈ မိနစ်တွင် ထိပ်တင်ကြွေက ရန်ကုန်စီးတီး အမျိုးသမီးအသင်းအတွက် ချေပဂိုး သွင်းယူပေးခဲ့သည်။ ချေပဂိုးပေးခဲ့ရပြီးနောက် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် နောက်ထပ် ဦးဆောင်ဂိုးများ ရရှိရေးအတွက် ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၅၃၊ ၅၉၊ ၈၀ မိနစ်များတွင် ယုယုနိုင်၊ နန်းချိုမွေး၊ ဇင်မိုးပြည့်တို့က ဂိုးများ ဆက်လက်သွင်းယူပေးခဲ့ကြသည်။

ရန်ကုန်စီးတီးအသင်းအတွက် နောက်ထပ်ချေပဂိုးအား ပွဲချိန် ၇၆ မိနစ်တွင် ဂျာထွယ်ဘောက်က သွင်းယူပေးခဲ့ခြင်းကြောင့် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းက ငါးဂိုး၊ နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် လက်ရှိတွင် ငါးပွဲကစား၊ လေးပွဲနိုင်၊ တစ်ပွဲရှုံး ရမှတ် ၁၂ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၂)နေရာတွင် ရပ်တည်နေလျက်ရှိပြီး လာမည့် စက်တင်ဘာ ၁၁ ရက်တွင် ဇေယျာ ဝတီအမျိုးသမီးအသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

(NGB)

